


# အသေလွတ် တရားတော်

## တောခွေး နှင့် လိပ်ဥပမာ

ဟောကြားသောနေ့
( ၂၉ ၊ ၆ ၊ ၆၀ )

၅၁

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော
သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၇) မှထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့တွင်ဟောကြားတော်မူသော

# အသေလွတ် တရားတော်

## (တောခွေးနှင့်လိပ်ဥပမာ)

(၂၉-၆-၆၀)

စာမူခွင့်ပြုချက် အမှတ်  - ၁၁/၉၈ (၅)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော

# အသေလွှတ် – တရားတော်

## တောခွေးနှင့်လိပ်ဥပမာ

(၂၉-၆-၆၀)

ဒကာဒကာမတွေကို ဟောခဲ့တယ်။ ရှာတည်မယ်ဆို လို့ရှိရင်ဖြင့် သုသာန်ပါလာရတယ်ဆိုတဲ့ ဥစ္စာဖြင့် အားလုံးပဲ အသိအမှတ်ပြုကြပါပြီ . . . (မှန်ပါ့)၊ ရှာတည်တယ်ဆိုရင် ဘာကို ထည့်စဉ်းစားရသလဲ . . . (သုသာန်ထည့်စဉ်းစားရ တယ်)။

ဘယ့်နှယ်ကြောင့် ဒီသုသာန်ထည့်စဉ်းစားရပါလိမ့် မတုံးလို့ မေးလို့ရှိရင်၊ သတ်မယ့်သူပါနေလို့ အသေကောင်ပစ် ဌာနကို စဉ်းစားရတယ်ဆိုတာ ပါလာတယ် . . . (မှန်ပါ့)၊ သတ်မယ့်လူက ရှာထဲပါလာတော့ အသေကောင်ပစ်ဖို့ နေရာ

ဌာနဆိုတာ၊ အမြဲတမ်း စဉ်းစားပြီးသကာလ ထားကြရတာ သည် ဒကာဒကာမတို့ အင်မတန်ကိုပဲ ကျုပ်တို့ အဖြစ်ဆိုးလို့ ဒီသုသာန်ကြီး ထည့်ထည့်စဉ်းစားရတာ အနာဆုံးပဲလို့သာ ကိုစောမောင် ဒီအတိုင်းယူရမယ် . . . (မှန်ပါ)။

## ရွာတည်မယ်ဆိုရင်သုသာန်ထည့် စဉ်းစားရတယ်

ရွာတည်မယ်ဆိုရင် ဘာထည့်စဉ်းစားရသတုံး . . . (သုသာန်ထည့်စဉ်းစားရပါတယ်)။ ဩော် . . . ရွာတည်တဲ့ လူတွေ သုသာန်ထည့်ပြီး စဉ်းစားရတယ်ဆိုကတည်းကိုက ဒီရွာမှာရှိတဲ့လူတွေဖြင့် လူသတ်သမားလက်ချက်နဲ့ တွက်လို့ ရှိရင်ဖြင့် အရင်သေတဲ့လူကို နောက်လူတွေကပို့၊ နောက်လူ တွေကိုလဲ နောက်လူတွေက ဆက်ပြီး ပို့ဖို့သာလျှင် အမြဲတမ်း ထည့်ပြီး စဉ်းစားရတယ် ဆိုကတည်းကိုက၊ ဩော် . . . တို့အဖြစ်ဆိုးကြီးဟာ ဒါပါကလားဆိုတာ ဒါဘုန်းကြီးပြော လို့သာ ခင်ဗျားတို့ ပေါ်လာတာနော် . . . (မှန်ပါ)။ ကိုယ်ပိုင် ဉာဏ်နဲ့သာဆိုရင် ကိုမြင့်တို့လူတစ်စု မပေါ်ဘူး . . . (မှန်ပါ)၊ ပေါ်လဲထုံးစံထဲကို သွင်းပစ်လိုက်တယ် . . . (မှန်ပါ)၊ ထုံးစံ မဟုတ်ပါဘူး ဒကာ ဒကာမတို့၊ ထုံးစံဆိုတဲ့ဥစ္စာ ထုံးတမ်း အတိုင်း လိုက်နေတဲ့ပုဂ္ဂိုလ်သာ ထုံးစံလိုက်ပါတယ်၊ ထုံးတမ်း ပယ်ပါတော့မယ် အသေဇာတ်သိမ်းပါတော့မယ် ဆိုရင်လဲ

ကိုစောမောင် . . . ဖြစ်ပါတယ် . . . (မှန်ပါ)။ ကိုပေါ် . . . သဘောပါပြီလား . . . (ပါ, ပါတယ် ဘုရား)။

ကိုစံလှ . . . ထုံးစံထားတာ လောကီလိုက်နေတဲ့ ပုဂ္ဂိုလ်ကတော့ ထုံးစံပယ်လို့မရဘူး၊ လောကုတ္တရာဘက်ကို ကြည့်စမ်းပါဆိုလို့ရှိရင် သုသာန်ထည့်ပြီး စဉ်းစားရတဲ့ သဘောလဲရှိပါ သေးတယ်ဆိုတာ ပေါ်လာတာပဲ . . . (မှန်ပါ) ရှင်းကြရဲ့လား . . . (ရှင်းပါတယ်)။

ဒကာဒကာမတို့ ဆရာသမားကောင်း မတွေ့ပြီ၊ လမ်းညွှန်ကောင်းမတွေ့ပြီ ဆိုမှဖြင့်၊ ကိုစောမောင် ခုနင်က စဉ်းစား ပုံဟာဖြင့် ဘဝတိုင်း စဉ်းစားရမှာပဲ . . . (မှန်ပါ)၊ မစဉ်းစားရဘူးလား . . . (စဉ်းစားရပါတယ်)၊ သုသာန်ထည့် စဉ်းစားရတယ်၊ တို့ရွာမှာ ဆရာကောင်းရှိဖို့ ရွာမှာ အရေး ကြီးတယ်ဆိုတာကော . . . (ထည့်စဉ်းစားရပါတယ်ဘုရား)၊ ဥတုသပ္ပါယကောင်းဖို့၊ မကောင်းဖို့ကော . . . (ထည့် စဉ်းစားရပါတယ်ဘုရား)၊ ရေမီး ပြည့်စုံဖို့ မပြည့်စုံဖို့ကော . . . (စဉ်းစားရပါတယ်ဘုရား) ဒကာဒကာမတို့ စဉ်းစားရ တာတွေကို လျှောက်ပြီးပြောမယ် ဆိုလို့ရှိရင် ကိုစံလှ ကုန်နိုင် စရာရှိသေးရဲ့လား (မရှိပါဘူး)၊ ဘယ့်နှယ်ကြောင့် ဒါတွေ ထည့်ထည့်ပြီးစဉ်းစားနေပါလိမ့်မတုံး ဆိုလို့ရှိရင် ဒကာ ဒကာမတို့ ဖြုန်းခနဲ မသေပါစေနဲ့လို့ ထည့်ပြီးစဉ်းစားတာ . . . (မှန်ပါ)။

ကိုစောမောင် ဘယ်လိုပါလိမ့် . . . (ဖြူန်းခနဲ မသေ ပါစေနဲ့လို့ စဉ်းစားရတာပါ)၊ သို့သော်လည်း ဖြူန်းခနဲ မသေရ အောင်လို့ ထည့်ပြီး စဉ်းစားငြားသော်လည်း၊ နောက်ဆုံးတစ် နေ့ကျတော့ဖြင့် ကိုယ်စဉ်းစားထားတဲ့ သုသာန်ရောက်မှာဘဲ (မှန်ပါ)၊ မရောက်ရပေဘူးလား . . . (ရောက်ရပါတယ် ဘုရား)၊ အဲဒါတွေ ဉာဏ်နဲ့လှည့်ပြီး ဒကာဒကာမတွေ ကိုယ် ပိုင်လှည့်တဲ့အခါကျတော့မှ ဩော် . . . တို့ဟာ မတွေးတတ် မကြံတတ် တို့စုံလုံးကန်း ဖြစ်နေလို့ပါလား . . . ဒါတွေချည်း လှည့်နေရတာ ကျက်သရေမင်္ဂလာကို နည်းနည်းမှ မရှိဘူး၊ ရှိကြရဲ့လား. . . (မရှိပါဘူးဘုရား)၊ မြို့တည်ရင်ကော သုသာန် ထည့်စဉ်းစားရ၊ ရွာတည်ရင်ကော . . . (သုသာန် ထည့် စဉ်းစားရတာပဲ)၊ ဆေးသမား ဝါးသမားကောင်းကော (စဉ်းစားရပါတယ်)၊ ရေမိုးသင့်တာတွေကော . . . (စဉ်းစား ရပါတယ်)၊ ကိုပေါ် . . . မစဉ်းစားရတာ ပြောစမ်းပါဦး . . . (မရှိပါဘူး)၊ ဒီဟာတွေက ဆရာထည့်စဉ်းစားရလို့ ရှိရင် လဲ မမာတတ်တဲ့ ခန္ဓာကိုယ်ရလို့ဟော့ . . . (မှန်ပါ)၊ ဒုက္ခခန္ဓာ ကြီးဆိုတာ ခင်ဗျားတို့က မသိတော့ ဒကာဒကာမတွေက မတွေးတတ်ဘူး၊ ဩော် . . . ဒုက္ခသစ္စာကြီး ရထားသကိုး၊ ဒုက္ခသစ္စာကြီး ကျွေးဖို့မွေးဖို့ဖာဖို့ထေးဖို့ တယ်ပြီး စဉ်းစားရပါ ကလားဟော့ . . . (မှန်ပါ) မလာသေးဘူးလား (လာပါတယ်)။

ကိုစံလှရေ . . . ဒီအရပ်မှာ တို့အရပ်မှာ နေလို့ရှိရင် ဖြင့် အနွေးထည်ဟာ အရေးကြီးတယ်ဆိုလို့ရှိရင်၊ အနွေးထည်မှ ရပ့်ါမလားဆိုတာလဲ ဖာထေးရတာကိုးဗျ ဒီခန္ဓာကြီးကိုလေ . . . (မှန်ပါ)၊ ကိုမြင့် . . . ဖာထေးရတယ်ဆိုတာ သဘောပါကြပြီလား . . . (ပါ, ပါပြီ)။

## ဒုက္ခ သစ္စာကြီးရထားလို့တွေးရတာ

ဒါဖြင့် ဒကာဒကာမတွေ နေ့တိုင်း တွေးနေရတဲ့ တွေးလုံး၊ ရှေ့ရေးတွေးရ၊ နောက်ရေးတွေးရ၊ ဒီနှစ်အတွက်တွေးရ၊ ဆောင်းစာအတွက် တွေးရ၊ မိုးစာအတွက် တွေးရနဲ့ ဘာကြောင့်တုံးလို့ မေးတဲ့အခါကျတော့ လူမမာရထားလို့ ဒါလောက်တွေးရတာ. . . (မှန်ပ့ါ)၊ သေမှာကြီး ရထားလို့ (တွေးရပါတယ်ဘုရား)၊ ဒါဖြင့် ဒုက္ခသစ္စာကြီးကို ရ,ထားလို့ ဒီတွေးလုံးထုတ်ရတာပဲ၊ ဒုက္ခသစ္စာကြီးရထားတော့ ဒီဒုက္ခရောက်မှာကြီးကလဲ သေချာမနေဘူးလား. . . (သေချာနေပါတယ်)၊ သေချာတာကလဲ သမုဒယလက်ချက်နဲ့ အသက်ထွက်ရမယ်ဆိုတာကလဲပါပြီးသား ဖြစ်နေလို့ပေ့ါဗျာ(မှန်ပ့ါ)၊ သဘောကျကြပြီလား. . . (ကျပါပြီ)။

တယ်လဲအရပ်ဆိုးပါလား ဒကာဒကာမတို့၊ သစ္စာတရားနော်-ကြပ်ကြပ်ဂရုစိုက်ပြီးသကာလ၊ ဩော်. . .

ဟုတ်ပါကလားလို့ တစ်လုံးလိုက်လိုက်လို့ရှိရင်ဖြင့်၊ ဆရာဘုန်းကြီး ပြောတာက ခန္ဓာကိုယ်က ဒုက္ခသစ္စာ ဟုတ်ပါလား လို့ လိုက်လိုက်လို့ရှိရင် မဂ်ပေါ်လာတာပဲ . . . (မှန်ပါ)၊ ဟုတ်ပါကလား တစ်လုံးသာ ဒကာဒကာမတွေက နောက်ကနေ မှန်မှန်ကန်ကန် သိပြီးတော့ လိုက်လို့ရှိရင် ဒါဖြင့် ဒကာဒကာမတို့ အရဟတ်တက်ပေါ့၊ မှောင်ထဲ မှောင်ထဲ မွေးတဲ့လူတော့ မဟုတ်တော့ဘူး . . . (မှန်ပါ)၊ မဂ်တည်းဟူသော နေထွက်ဖို့ တည်း တည်းကလေး ကျန်တော့တယ်လို့ မှတ်လိုက်ပါ . . . (မှန်ပါ)၊ ဟုတ်ပါကလားဆိုတဲ့ တစ်လုံးဟာ တစ်သံသရာလုံး မလိုက်ဖူးဘူး . . . (မှန်ပါ)၊ ရိပ်မိကြပြီလား (ရိပ်မိပါပြီဘုရား)။

တစ်သံသရာလုံး မလိုက်ဖူးဘူးဆိုတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒုက္ခသစ္စာရယ်လို့ မသိဖူးဘူးပြောတာပဲ (မှန်ပါ)၊ သမုဒယက သတ်သမားလို့ကော (မသိဖူးပါဘူး)။

## အသေခန္ဓာကြီး ရထားတယ်

အဲဒါကြောင့် အခုတော့ဖြင့် ဘုန်းကြီးက မပေါ်ပေါ်အောင် ဘုရားဟော ပါဠိတော်တွေထုတ်ပြီးသကာလပြော၊ ဒကာဒကာမတွေ နားလည်တဲ့နည်းနဲ့လဲ ပြောဆိုတော့၊ ရှာတည်ရင် သုသာန်ထည့် စဉ်းစားရတာ ခန္ဓာက ဘာသစ္စာတုံး

. . . (ဒုက္ခသစ္စာပါ)၊ ရှာတည်လို့ရှိရင်ဖြင့် ရေမိုးကင်းမှ လွယ်ကူပါရဲ့လားဆိုတာကော . . . (စဉ်းစားရပါတယ်ဘုရား)၊ ဘယ့်နှယ်ကြောင့် ထည့်စဉ်းစားရသတုံး . . . (သေတတ်တာကြီးရထားလို့ပါ)၊ ခန္ဓာဒုက္ခသစ္စာကြီးက ယိမ်းလိုက်မဟဲ့၊ ငဲ့လျှော့လိုက်မဟဲ့၊ ဗိုင်းခနဲလဲလိုက်မဟဲ့ဆိုတာကော မပြောဘူးလား . . . (ပြောပါတယ်)၊ ဥတုသပ္ပါယတွေနဲ့ဘဲ လှည့်ပြီးသကာလ စဉ်းစားရပြန်တာကလဲ၊ အသေခန္ဓာကြီး ရထားတော့ သတ်မယ့်သူကလဲ အဆင်သင့်ပါလာတယ် ဆိုတာများဟာလဲ သေချာလိုက်တာ . . . (သေချာပါတယ်ဘုရား)။

ဒကာဒကာမတို့ . . . အန္တရာယ်ကင်းလို့ ဘေးရှင်းအောင်များ မကြံစည်နိုင်ကြတော့ဘူးလားလို့ မေးဖို့အချက်ကလဲကြုံလာတယ် . . . (မှန်ပါဘုရား)၊ ဒါကြီးမသေအောင် မကြံစည်နိုင်ကြတော့ဘူးလားလို့ကော ခင်ဗျားတို့အပေါ် မေးဖို့ပဲ . . . (မှန်ပါ)ရှိတယ်၊ ဒကာဒကာမတို့၊ မသေရာမှန် ပြည်နိဗ္ဗာန်ဆိုတာရှိတယ်နော်၊ ခင်ဗျားတို့ သစ္စာမသိလို့ နိရောဓသစ္စာဆိုတာ မသေရာမှန် ပြည်နိဗ္ဗာန်လို့ မသိတော့၊ ဒီခန္ဓာကြီးပဲ လှည့်ပြီးသကာလ စိုးရိမ်နေရ၊ ကြောင့်ကြနေရ၊ ဒီဘဝမကောင်း ဟိုဘဝပြောင်းဖို့ပဲ စိတ်ကူးရ၊ ပြောင်းပြန်လဲ ဟိုဘက်သုသာန်ရှာရ . . . ကိုစောမောင် ဒီချည်းသွားတယ်၊ မသွားဘူးလား . . . (သွားပါတယ်ဘုရား)။

ဒါဟာ သံဝေဂရဖို့လောက် ဟောနေတာလားလို့ အားလုံး ဒကာဒကာမတွေက မေးလို့ရှိရင် မဟုတ်ပါဘူး ဖြစ်စဉ်ကိုက်ပြောနေတာပါ . . . (မှန်ပါ)။

ဘယ်လိုပြောနေတာတုံး . . . (ဖြစ်စဉ်ကိုက်ပြောနေတာပါ)၊ ဖြစ်စဉ်ကိုက်ပြောနေတဲ့အတွက် ဘုန်းကြီးက တို့ကို ခြောက်တာပဲ၊ လှန့်တာဘဲလို့ သံဝေဂဉာဏ်ပွားအောင်လို့ တရားအားထုတ်ချင်အောင်လို့ တိုက်တွန်းနေတယ်လို့ ဒီလို တင်မယူနဲ့တော့ . . . (မှန်ပါ)၊ ခန္ဓာဖြစ်စဉ်က ဒီအတိုင်းမို့ ဒီအတိုင်းပြောပါတယ်လို့ ဘုန်းကြီးတို့ ဒကာဒကာမတွေက လေးစားစွာနဲ့ မှတ်လိုက်ပါ . . . (မှန်ပါ)၊ ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ . . . ဒီခန္ဓာဇာတ်သိမ်းငြိမ်းတဲ့နေရာလဲရှိသေးတယ်ဆိုတာလဲ ကေန်ဘဲလို့မှတ်လိုက်ပါ (မှန်ပါ)။ ဒီခန္ဓာဒုက္ခသစ္စာကြီး မရှိဘူး မသေရတော့ဘူး ဆိုတဲ့ နေရာကော (ရှိပါတယ်ဘုရား)၊ အဲ . . . မသေရတဲ့နေရာ ရှိတော့ တပည့်တော်တို့ဘုရား ရှာတည်ရင် သုသာန်ထည့် စဉ်းစားရတာဘဝတိုင်းပါပဲ ဖြေရုံပဲ . . . (မှန်ပါ)၊ သဘောကျပြီလား . . . (ကျပါပြီ)၊ နတ်ပြည်ရောက်တော့လဲ စိတ်ချလက်ချနေလို့ရရဲ့လား . . . (မရပါဘူး)။ စိတ်ချလက် ချနေလို့မရဘူးနော် . . . ပျော်ရင်းနဲ့လဲ (ဝိညာဉ် ချုပ်ပါတယ်

ဘုရား)။ ဖြဟ္တာပြည်ရောက်ပြန်တော့လဲ ရောက်စပျော်သလို လိုနဲ့ တော်တော်ကြာကျလို့ရှိရင်ဖြင့် သေခါနီးနိမိတ်ပြပြန်ပြီ . . . (မှန်ပါ)၊ မပြဘူးလား . . . (ပြပါတယ်)၊ ပြလာတော့ ပျင်းမလာဘူးလား . . . (ပျင်းပါတယ်ဘုရား)။ အဲဒီတော့ သုသာန်နဲ့ကင်းတဲ့အရပ်ဟုတ်ပါရဲ့လား . . . (မဟုတ်ပါဘူး)။

## ၃၁ ဘုံကို သုသာန်ဘုံလို့မှတ်ပါ

ဒါကြောင့် ဒကာဒကာမတို့ ၃၁ဘုံကိုဖြင့် သုသာန်လို့ မှတ်ထားလိုက်လို့ ဘာမှငြင်းနေစရာ မလိုတော့ပါဘူး . . . (မလိုပါဘူး)၊ ရှင်းကြပြီလား . . . (ရှင်းပါပြီ)။

ဒါဖြင့် ဒကာဒကာမတို့ . . . သုသာန်လွတ်ရာ ရှာကြစို့ (မှန်ပါ့)။

ဘာရှာကြမလဲ . . . (သုသာန်လွတ်ရာရှာကြရပါမယ်)။ သုသာန်လွတ်ရာ ရှာကြပါဆိုတဲ့ စကားဟာနည်းနည်း သေးတယ်လို့ ကိုစောမောင်တို့ မှတ်ထားကြဲလိမ့်မယ် . . . (မှန်ပါ)၊ အသေလွတ်ရာတယ်ဆိုတာ ရှာတဲ့နည်းရှိလို့သာ ပြောရဲတာပေါ့ . . . (မှန်ပါ)၊ ရှိတဲ့နေရာ ဇကန်ရှိလို့သာလျှင် ဒကာဒကာမတွေကိုညွှန်ပြရဲတာ . . . (မှန်ပါ)။

## သုသာန်ရှာနေတာ

အဲဒါကြောင့် မျက်လုံးစုံမှိတ်ပြီးသကာလ တို့အကြိုက်

ကိုဖြင့် တို့မစဉ်းစားတော့ပါဘူး။ ဆရာဘုန်းကြီးပြောတဲ့ နောက်ကိုပဲ ဘုရားဟောတဲ့အတိုင်း စိုက်စိုက်ပါအောင် လိုက်ပါတော့မယ်။ တို့အကြိုက်ကတော့ဖြင့် အရှူး မပျောက်သရွေ့ ၃၁ဘုံထဲမှာ ကောင်းနိုးနိုး ကြိုက်နေတဲ့ဥစ္စာ သုသာန်ရှာနေတာဘဲ. . . ကိုယ့်အကြိုက်က. . . (မှန်ပါ့)။

ဘာရှာတာတုံး. . . (သုသာန်ရှာတာပါဘုရား)။ ကိုယ့်အကြိုက်ဟူသရွေ့ကို ဒကာဒကာမတို့ သုသာန်ရှာတာမှတစ်ပါး ဘာများပြောစရာရှိသေးတုံး. . . (ဘာမှမရှိပါဘူး)။

သေသေချာချာ ဉာဏ်နဲ့စဉ်းစားပါ ဒကာဒကာမတို့၊ ကိုယ့်အကြိုက်က ဒီဘုံမကောင်း ဟိုဘုံပြောင်းချင်တာလဲ ဘာရှာတာတုံး. . . (သုသာန်ရှာတာပါ ဘုရား)၊ အမြတ်ထွက်ကဲ့လား. . . (မထွက်ပါဘူးဘုရား)။

အဲဒါ ဒကာဒကာမတွေက စဉ်းစားပေ့ါ၊ သြော်. . . ဒါဟာ ဘာဟောနေပါလိမ့်မတုံး။ ဆရာဘုန်းကြီးတို့ကို အရေးကြီးတာတော့ ပြောတော့ ပြောနေတာပဲ၊ ဒကာဒကာမတို့၊ မသေရာရှာပါတော့လို့ ဒါကိုပြောနေတာ . . . (မှန်ပါ)၊ ၃၁ဘုံထဲမှာဖြင့် ဒကာဒကာမတို့ ဘာဖြစ်ဖြစ် သုသာန် ရှာတဲ့အလုပ်လို့ ယနေ့ည သေသေချာချာမှာနေတယ် . . . (မှန်ပါ)။

၃၁ ဘုံထဲမှာ နေချင်ကြတာဟာ ဘာရှာကြတုံး

(သုသာန်ရှာတာပါဘုရား)၊ သုသာန်ရှာတဲ့အလုပ်မှတစ်ပါး ဘာမှမရှိဘူး . . . (မှန်ပါ)၊ သုသာန်ရှိလျက်နဲ့ သုသာန်ရှာတဲ့ လူများဟာလဲ ဒီသုသာန်မြုပ်ချင်သေးလို့ဘဲဆိုတဲ့ အဓိပ္ပါယ် မလွဲပါဘူး . . . (မလွဲပါဘူးဘုရား)။

လူ့ပြည်မှာ ဆုတောင်းပြီးတော့ ဒကာဒကာမတွေ သစ္စာမသိသေးလို့ တောင်းတဲ့ဆုတွေများ ကြည့်လိုက်မယ်ဆို လို့ရှိရင် လူ့ပြည်-နတ်ပြည် အစုန်အဆန် ခံစားပြီးဆိုတဲ့ ဆု များစဉ်းစားလိုက်လို့ရှိရင် အခုမြုပ်ရမှာလဲ သေချာတယ် . . . (မှန်ပါ)၊ နောင်မြုပ်စရာမြေကို လိုင်စင်ဆွဲထားတာကော . . . (သေချာပါတယ်ဘုရား)၊ ဒါဟာ အရုပ်ဆိုးအောင်ပြော တာလား-အမှန်ပဲလား (အမှန်ပါဘုရား)။

ဒီမှာ မြုပ်စရာတော့ရှိပြီ ဟိုမှာ မြုပ်စရာရှာဦးမှဘဲ ဆိုပြီးဆွမ်းကွမ်းဒါန စသည် လုပ်ကြ၍ ဆုတောင်းတဲ့ ဒကာ ဒကာမတွေများလဲ၊ ဩော် . . . သစ္စာမသိလို့ မြုပ်ရာရှာပြန် တာဘဲလို့ဆိုတာ နာအောင်ပြောတဲ့စကား မဟုတ်ပါဘူး . . . (မှန်ပါဘုရား)၊ ကိုမြင့် နာအောင်ပြောတယ်ထင်သလား . . . (မဟုတ်ပါဘူးဘုရား)၊ အမှန်ပြောတယ်လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဆုံးဖြတ်ချက်ချကြပါ . . . (မှန်ပါ)၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ကဲ . . . ဒါဖြင့် ဒကာဒကာမတို့၊ သုသာန်လွတ်

တရား အသေလွတ်တရားဆိုတာကဖြင့် အသေသိမှ လွတ်ချင်တယ်နော် . . . (မှန်ပါ)။ ဒါဖြင့် ဒုက္ခသစ္စာသိမှ လွတ်ချင်တဲ့ မဂ္ဂသစ္စာပေါ်တယ် . . . (မှန်ပါ)

ဒုက္ခသစ္စာသိမှ . . . (လွတ်ချင်တဲ့ မဂ္ဂသစ္စာပေါ်ပါတယ်ဘုရား)။

## အသေလွတ်ချင်ရင် မဂ္ဂင်အလုပ်လုပ်ပါ

အဲဒါကြောင့် **မဂ္ဂသာနိယျာနဋ္ဌော**ဆိုတာ လွတ်မြောက်ကြောင်း၊ အသေမှ လွတ်နိုင်တယ်ဆိုတာက မဂ္ဂင်အလုပ်ကို လုပ်မှလဲ ဒကာဒကာမတို့ အသေလွတ်နိုင်တယ် (မှန်ပါ)၊ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

အသေလွတ်ချင်ကြရင် (မဂ္ဂင်အလုပ်, လုပ်ရမယ်ဘုရား)၊ မဂ္ဂင်အလုပ်, လုပ်ရမယ်ဆိုတော့ မဂ္ဂပစ္စယောလို့ ခင်ဗျားတို့ ညတိုင်း ပဋ္ဌာန်း ၂၄ ပစ္စည်းတွေ ရွတ်နေကြတာ မဂ္ဂပစ္စယောအသေမှထွက်ကြောင်းဖြစ်သောတရားလည်းကောင်း . . . (မှန်ပါ)။

မဂ္ဂပစ္စယောဆိုတာ အသေမှလွတ်ရာ-ထွက်ကြောင်းတရားဆိုတာ ခင်ဗျားတို့က မသိလို့ဖော်ပြနေရတာ . . . (မှန်ပါ)။ ကိုစောမောင် ပေါ်ပြီလား . . . (ပေါ်ပါပြီဘုရား)။ မဂ္ဂပစ္စယောဟာ ဘယ်မှလွတ်ပါလိမ့် ဒကာဒကာမတို့၊ . . .

(အသေလွတ်ရာကို ထွက်ကြောင်းတရားပါ)၊ အဲ . . . မဂ္ဂ ပစ္စည်း -မဂ်အလုပ်ကို မလုပ်လို့ရှိရင် ကျန်တဲ့အလုပ်တွေ ဟူသရွေ့ဟာဖြင့် အသေမလွတ်လို့ ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ)။

ကိုစောမောင် ဒါဟာ ဘုန်းကြီးက ပြောတဲ့စကား လား၊ ဘုရားကိုယ်က ဟောထားတာလား. . . (ဘုရားဟော ထားတာပါဘုရား)။

ကိုင်း . . . ဒါဖြင့် ဘယ်သူမှ သံသယ မရှိကြနဲ့တော့၊ ယနေ့ မဂ္ဂပစ္စယောဖြစ်တဲ့ အလုပ်စဉ်ကလေးကို ဒကာ ဒကာမတွေ နာရလိမ့်မယ်လို့ မှတ်ရလိမ့်မယ် . . . (မှန်ပါ)၊ မဂ္ဂပစ္စယောသာ ဒကာဒကာမတွေ ခန္ဓာကိုယ်ထဲမှာရောက် လာပြီဆိုမှဖြင့် လက်ခမောင်းသာ ခတ်ပေတော့၊ အသေလွတ် ပေါ့ဟေ့-လို့ . . . (မှန်ပါ)၊ အသေလွတ်ပေါ့၊ ဒီတစ်ခါနောက် ဆုံးပိတ်သေတာဘဲ။ နောက်သေရာသချိုင်းလဲ မရှာရတော့ ဘူး။ သေတတ်တဲ့ ခန္ဓာကိုယ်ကြီးအတွက်လည်း ရေမိုး ထင်း နှင့်တကွ အလုံးစုံ အကုန်ပို့မည့်လူမှ ရှိပါ့မလား- ဒို့ရွာကလဲ မညီမညွတ်နဲ့ဆိုတဲ့ ဒီလိုစဉ်းစားလုံးတွေလဲ ကိုစောမောင်လာ ဖို့လိုသေးလား. . . (မလိုပါဘူး)။ ဆရာဝန်၊ မြန်မာဆရာမှ ကောင်းကောင်းရှိပါရဲ့လားဆိုတဲ့ စဉ်စားလုံးတွေလဲ အကုန် သိမ်းရအောင် သဘောကျပြီလား. . . (ကျပါပြီ)။

## မဂ္ဂပစ္စယောဖြစ်မှ၊ ကိစ္စပြီးမယ်

ကဲ. . . ဒါဖြင့် အလုံးစုံ အကုန်မကောင်းတာ ဟူသရွေ့ အကုန်သိမ်းရအောင် မဂ္ဂပစ္စယောဖြစ်မှပဲ ကိစ္စပြီးတော့မယ် (မှန်ပါ)။

ဒကာဒကာမတို့ . . . ဘာဖြစ်မှ ကိစ္စပြီးမလဲ (မဂ္ဂပစ္စယောဖြစ်မှ ကိစ္စပြီးပါမယ်)။

ကဲ . . . ဒါဖြင့် ခင်ဗျားတို့က ညတိုင်းရွတ်ပြီးသာနေကြတယ်။ မဂ္ဂပစ္စယောဖြစ်အောင် ငါလုပ်ပါတော့မယ်ဆိုတဲ့ဉာဏ်ကလဲ မပါတော့၊ ဘုန်းကြီးက ဆရာသမားဖြစ်နေတဲ့အတွက်၊ ကရုဏာမေတ္တာရှေ့ထားပြီး ပြောနေတဲ့အတွက် ဒကာဒကာမတို့ အသေမှထွက်မြောက်ကြောင်းဖြစ်တာ မဂ္ဂင်မှလဲဖြစ်တာ . . . (မှန်ပါ)။

အသေမှ လွတ်မြောက်ကြောင်းလုပ်နိုင်တာ . . . (မဂ္ဂင်မှ လုပ်နိုင်ပါတယ်ဘုရား)။ ပေါ်ကြပြီလား . . . (ပေါ်ပါပြီ)။

ကြပ်ကြပ်စဉ်းစားပါ ဒကာဒကာမတို့ . . . ဒီအရေးအင်မတန်ကြီးပါတယ်၊ နို့မဟုတ်ရင် သားသေလို့ ငိုရမယ့်မျက်ရည်က သမုဒ္ဒရာလေးစင်း၊ ကိုယ့်အတွက်သေရမှာ စိုးရိမ်လို့ ကိုယ့်ဟာကိုယ်မျက်ရည်ကျရတာက သမုဒ္ဒရာလေးစင်း ဆိုတော့ ဒကာဒကာမတို့ . . . ဒီမျက်လုံးတစ်ခုတည်းဖြင့် အရာ

တောင် ကျန်ရစ်စရာ မရှိတော့ပါဘူး . . . (မှန်ပါ)၊ သဘော ကျပြီလား . . . (ကျပါပြီ)။

ကဲ . . . ဒါဖြင့် သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဠိတော်မှာလာတာကလေး ဒကာဒကာမတွေ လုပ်နည်းသင်ပဲ့မယ်တဲ့၊ ကဲ . . . လုပ်နည်းက ဘာပါလိမ့်မတုံးဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လိပ်တစ်ကောင်ဟာတဲ့၊ ညနေကျတော့ အစာရှာဆင်းမယ်ဆိုပြီး ရေစပ်ကိုသွားပါတယ်တဲ့ သွားတဲ့အခါကျတော့ တောခွေးတစ်ကောင်က မြင်ပါတယ်။

## လိပ်နှင့်တောခွေး

လိပ်ကလဲ အစာရေစာရှာဆင်းလာတာကိုး၊ ကုန်းပေါ်ကနေပြီး ရေစပ်သွားမလို့ ကိုစောမောင် . . . (မှန်ပါ)၊ အဲဒီမှာ တောခွေးကမြင်သတဲ့ ဒကာဒကာမတို့၊ သူ့အစာမျိုးကိုဗျ . . . (မှန်ပါ)၊ အစာစားမလို့ စောင့်ပြီးသကာလ ဖမ်းမယ်ဆိုပြီး စောင့်နေတော့၊ လိပ်ကိုမြင်တော့ သူသည်ကားလို့ ဆိုလို့ရှိရင် တောခွေးက လိုက်သွားတာပဲ. . . (မှန်ပါ)။ လိုက် တော့ သူကအပြေးသန်၊ လိပ်ကအင်မတန်နှေးတဲ့အကောင်မျိုးဖြစ်နေတော့၊ မောင်နိုင်ရေ ဘယ်လိုနေရှာသတုံးဆိုတော့ တောခွေးလဲ သူ့နားရောက်လာရော၊ ခေါင်းကို လိပ်ခွံကိုယ်ကြီးထဲ သွင်းပစ်လိုက်တယ်၊ လက်နှစ်

ဖက်ကော (အခွံထဲ သွင်းပါတယ်)၊ ခြေ-ဒီအတိုင်းဘဲ တစ်ခါတည်း လိပ်ခွံကြီးအုပ်ပြီး အောက်ကလဲ ရင်ဘတ်ကြီးနဲ့ အပေါ်ကလဲ လိပ်ခွံကြီး အုပ်နေ ဘယ်အပေါက်ကမှ ဘာမှ မထွက်လာတော့ အခွံကြီး၊ အရိုးကြီးချည့် ကိုက်နေရမှာလဲ ကိုစောမောင် လွယ်ပ့ါမလား . . . (မလွယ်ပါဘူး)။ ကိုက်ရမှာကလဲ သူ့ပါးစပ်အားနဲ့ ဒီလိပ်ခွံကြီးကို ကိုက်လို့ကော ဖြစ်ကဲ့လား (မဖြစ်ပါဘူး)။

အဲ. . . ဒယ်အိုးဖင်လို ဖြစ်နေတာပေ့ါဗျာ. . . (မှန်ပါ)။

အဲဒီလိုဖြစ်နေတော့ ကိုက်လို့ကလဲ မရဆိုတော့၊ သူဒီအတိုင်းနေလို့ကလဲ မဖြစ်တော့ဘူး၊ သူထွက်လာတဲ့ အပေါက်ကဆွဲမယ်ဆိုပြီး ခြေကထွက်လာရင် ခြေကိုဆွဲပြီး သကာလ အထဲမှာ အူတွေအသည်းတွေပါ၊ ပါအောင် ဆွဲစားမှာပေ့ါဗျာ . . . (မှန်ပါ)။ လက်ကထွက်လာရင် လက်ကို စားမယ်၊ ခေါင်းထွက်လာရင် ခေါင်းကိုစားမယ်ဆိုတော့ လိပ်က လဲမထွက်လာ၊ ခြေနှစ်ဖက်ကလဲမထွက်လာ၊ လက်နှစ်ဖက် ကလဲမထွက်လာဘဲနဲ့ အခွံအောက်ကချည့် အကုန် သွင်းထားလိုက်တယ် ကိုစောမောင် . . . (မှန်ပါ)၊ သဲဘောကျပလား . . . (ကျပါပြီဘုရား)။

ဒီလိပ်သည်ကားလို့ဆိုရင် ဒကာဒကာမတို့ ခွေးမသွားမချင်း ဒီအတိုင်းဘဲနေတော့ သူတို့ကတော့ အမျိုးရိုးမို့ နေနိုင်ရဲ့ ခွေးက အစာဆာလိမ့်မယ် . . . (မှန်ပါ)၊ မဆာဘူးလားမောင်နိုင် . . . (ဆာပါတယ်ဘုရား)၊ အဲဒီတော့ ခွေးသည်ကားလို့ဆိုရင် ငုံပြီး ပြန်ရုံမှ တစ်ပါးစားခွင့်ရသေးရဲ့လား . . . (မရပါဘူးဘုရား)။

## သိမ်းဆည်းတတ်လို့လွတ်တာ

ဒါဖြင့် ဒီလိပ်ကြီးသည်ကားလို့ဆိုရင် ဒကာဒကာမတို့ ခွေး၏အစာမှလွတ်တာသည် သိမ်းဆည်းတတ်လို့ဘဲလို့ မဆို နိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်)၊ အခွံထဲချည်း အကုန်သိမ်းလိုက် . . . (မှန်ပါ)၊ အပေါ်က အုပ်ထားတဲ့ ခုံးခုံးအခွံကြီးထဲကို ခြေလဲသွင်းလိုက်၊ လက်လဲသွင်းလိုက်၊ ခေါင်းလဲသွင်းလိုက်ဆိုတော့ - ဒကာဒကာမတို့ ဘယ်နည်းနဲ့မှ ခွေးသည် ကြံလုံးထုတ်နိုင်စရာမလိုတော့ဘူး . . . (မှန်ပါ)၊ ကိုစောမောင် . . . (မရပါဘူး)။ ပေါ်ကြပြီလား (ပေါ်ပါပြီ)။ ဒါဘုရားပေးတဲ့ ဥပမာလို့ မှတ်လိုက်စမ်းပါ (မှန်ပါ)။

အဲဒီတော့ တောခွေးသည်ကားလို့ဆိုရင် ဒကာဒကာမတို့ မစားရဘဲနဲ့ ပြန်ပြေးရရှာတယ် . . . (မှန်ပါ)၊ လိပ်သည် ကားလို့ဆိုရင် လွတ်ခြင်းကြီးမက လွတ်တယ်လို့

မဆို နိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)၊ ဘာကြောင့် တုံးဆို တော့ အခွံတစ်ခုတည်းကို ငါးခုစလုံးသွင်းလိုက်တာကိုး . . . (မှန်ပါ)။

အခွံကတော့ . . . (တစ်ခုတည်းပါဘုရား)၊ အပေါ်ကအုပ်ထားတာ အခွံတစ်ခုတည်းပါဘဲ ဒကာဒကာမတို့၊ သွင်းလိုက်တာကတော့ ခြေနှစ်ဖက်၊ လက်နှစ်ဖက်၊ ခေါင်းနဲ့ ဆိုတော့ အကုန်သွင်းလိုက်တဲ့အခါကျတော့ ငါးခုစလုံးကို တစ်ခုတည်းနဲ့ အကုန်အုပ်ပြီးသကာလ ထားလိုက်တဲ့ အတွက်ခွေး သည်ကားလို့ဆိုရင် ကြံစည်လို့ရသေးရဲ့လား . . . (မရပါဘူး)၊ သဘောပါကြပြီလား . . . (ပါ, ပါပြီဘုရား)။

## တရားအားထုတ်နည်း

ဒီမှာလဲ ထိုနည်းတူစွာဘဲ၊ ဘုန်းကြီးတို့ ဒကာဒကာမတွေ တရားအားထုတ်နည်းကို ဘုရားသင်တော်မူတယ်၊ လိပ်ဥပမာပြုပြီးတော့သင်ပါတယ်လို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ)။

ဒကာဒကာမတွေကိုလဲ ဘုန်းကြီးက ဒကာဒကာမတို့ . . . ခင်ဗျားတို့ကို စိတ္တာနုပဿနာသည် နိဗ္ဗာန်အရောက် လွယ်တယ်၊ မသေရာမှန်-သုသာန်လွတ်တဲ့အရပ်ကို ပို့နိုင်

တာက စိတ်ရှုတဲ့ဥစ္စာ တယ်မြန်တယ်၊ ရှေးဦးစွာလဲ အပါယ်တံခါးပိတ်တာသည်ကားလို့ဆိုရင် စိတ်ကို ရှုလိုက်လို့ရှိရင် စိတ်ပေါ်မှာ ဒိဋ္ဌိအများဆုံး ဝိစိကိစ္ဆာအများဆုံး ဖြစ်သောကြောင့် ကိုယ့်စိတ် ကိုယ်ရှုလို့ မပြောဘူးလား. . . (ပြောပါတယ်)။

ကိုယ့်စိတ်ကိုယ်ရှုဆိုတာက ဒကာဒကာမတို့ . . . စားချင်တဲ့စိတ်လာရင်လဲ စားချင်တဲ့စိတ်ကိုဉာဏ်နဲ့ ဖြစ်ပျက်ရှု (မှန်ပါ)၊ သွားချင်တဲ့စိတ် လာရင် (သွားချင်တဲ့စိတ်ကို ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ သမ်းပြန်ရင် သမ်းတဲ့စိတ်ကလေးကို . . . (ဖြစ်ပျက်ရှုရပါမယ်)၊ သမ်းတဲ့စိတ်က ဝမ်းထဲက ပေါ်တာကိုးဗျ . . . (မှန်ပါ)၊ ဒါဖြင့် ရှုစရာတွေ မများလာဘူးလား၊ (များပါတယ်ဘုရား)၊ ဘယ်လောက်ပင်များများ စိတ်တစ်လုံးပဲ . . . (မှန်ပါ)၊

ဒီမှာလဲ ဒကာဒကာမတို့ . . . ခင်ဗျားတို့မှာဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးကလိပ်ခန္ဓာကိုယ်ကြီးနဲ့အတူတူပါဘဲ (မှန်ပါ)၊ ကိလေသာမာရ်နတ်က မျက်လုံးပေါက်ကနေပြီး မြင်တယ်။ မြင်ရင်ဖြင့် ခင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်မယ်ဆိုတာ မလာပေဘူးလား . . . (လာပါတယ်)။

အဲဒီတော့ ဒါက ခန္ဓာငါးပါးထားပါတော့၊ ဒကာဒကာမတို့ သိတဲ့အတိုင်းပါဘဲ ခန္ဓာငါးပါး၊ ဒီခန္ဓာငါးပါးတည်း

ဟူသော ဒကာဒကာမတွေရဲ့ ခန္ဓာငါးပါးမှာ မျက်လုံးပေါက် ရှိတယ်၊ နားပေါက်ရှိတယ်၊ နှာခေါင်းပေါက်ရှိတယ်၊ လျှာ ပေါက်ရှိတယ်၊ ကိုယ်ပေါက်ရှိတယ်၊ မနောပေါက်ရှိတယ်၊ ခြောက်ပေါက်မရှိဘူးလား . . . (ရှိပါတယ်)။ လိပ်ဥပမာလို ပေါ့ဗျာ။ ခြောက်ပေါက်ကနေပြီးသကာလ မျက်လုံးပေါက်က မင်းတို့သည်ကားဆိုလို့ရှိရင်၊ အပြင်ကို ထွက်ခဲ့လို့ရှိရင် မျက် လုံးပေါက်ကနေပြီးသကာလ ကိလေသာမာရ်နတ်က . . . ငါသည် မျက်လုံးပေါက်ကနေပြီး မင်းကိုသတ်မယ်၊ သဘော ကျပြီလား . . . (ကျပါပြီဘုရား)၊ နားပေါက်ကလဲ အပြင် ထွက်လာလို့ရှိရင်နားပေါက်ကနေပြီး . . . (သတ်မှာပါ ဘုရား)၊ အဲ . . . ဒွါရခြောက်ပေါက်စလုံး ဆိုကြစို့ရဲ့ . . . (မှန်ပါ)၊ အဲဒါ အပြင်ထွက်ရင် သတ်မယ် . . . (မှန်ပါ)၊ သဘောပါကြပြီလား . . . (ပါ, ပါပြီ)။

## မြင်တယ်ဆိုလို့ရှိရင်

သို့သော် ထင်ရှားအောင်ပြောပါအုံးမယ်တဲ့၊ ဒီခန္ဓာ ငါးပါးမှာ မျက်လုံးလဲရှိ၊ နားလဲရှိ၊ မျက်လုံးပေါက်ကနေပြီး သကာလခင်စရာကလေးတစ်ခုမြင်လိုက်တယ်၊ မမြင်ပေဘူး လား . . . (မြင်ပါတယ်)၊ မြင်တယ်ဆိုလို့ရှိရင် မြင်တဲ့စိတ်ပြီး ခင်တဲ့စိတ်ကနောက်ကလိုက်မလာဘူးလား . . . (လိုက်လာ

ပါတယ်)၊ မြင်တာက စက္ခုဝိညာဏ်၊ ခင်တာက တဏှာ၊ စွဲလမ်းတာက . . . (ဥပါဒါန်ပါ)။ အားထုတ်တာက (ကံပါဘုရား)။ ကံဆိုတာ **ကမ္မဘဝပစ္စယာဇာတိ ဇရာမရဏလာ** တော့မယ်၊ ဒီကျတော့ မသေရပေဘူးလား . . . (သေရပါတယ်)။

အဲ . . . မျက်လုံးပေါက်ကနေပြီးသကာလ မင်းကို သတ်မယ်ဆိုပြီး သကာလ မျက်လုံးပေါက်က အပြင်ထွက်မိတာနဲ့ ဒကာဒကာမတို့ သုသာန်သွားတယ် . . . (မှန်ပါ)၊ မြင်တယ်၊ ခင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်မယ်ဆိုလို့ ရှိရင်ဖြင့် ဇာတိ၊ ဇရာမရဏက ဘယ့်နှယ်နေသလဲ. . . (လာပါတယ်)၊ ဩော် . . . မျက်လုံးပေါက်က တို့သည်ကားလို့ ဆိုလို့ရှိရင် အပြင်ထွက်လိုက်တာနဲ့ အသေတစ်ခု၊ နောက်ထပ် ခန္ဓာ တစ်ခု ပြန်ရတယ် . . . (မှန်ပါ)။

နားပေါက်ကလဲ ကြားတယ်မဟုတ်လား၊ ကြားရတာနဲ့ဘဲကျုပ်ဖြင့် . . . ခင်တယ် မလာဘူးလား. . . (လာပါတယ်)၊ မုန်းတယ်ဖြင့် မုန်းတယ် မလာပေဘူးလား. . . (လာပါတယ်)၊ အဲ . . . မုန်းလို့ရှိရင်လဲ အလွန့်အလွန် မုန်းတယ်၊ မတရားသ ဖြင့် အားထုတ်မယ်ဆိုတဲ့ ကံတွေကော မလာပေဘူးလား (လာ ပါတယ်)၊ အဲဒီတော့ ကံတွေလာတော့ ဇာတိ၊ ဇရာမရဏမလိုက် ပေဘူးလား . . . (လိုက်ပါတယ်)။

ဒါဖြင့် ဒကာဒကာမတို့ ဘယ်အပေါက်ကပဲ အပြင်ထွက်ထွက် တဏှာဥပါဒါန်ကံ လာလို့ရှိရင်ဖြင့် ဇာတိ၊ ဇရာမရဏဆိုတဲ့ သေမင်းနဲ့ သွားသွားတွေ့တယ် . . . (မှန်ပါ)၊ မတွေ့ဘူးလား . . . (တွေ့ပါတယ်)။

ဒါဖြင့် ဒွါရခြောက်ပေါက်စလုံးက ကိလေသာသေမင်းတွေက . . . တဏှာဥပါဒါန်တွေက ကိလေသာသေမင်းတွေဘဲ၊ သူတို့ရှိရင် သချိုင်းရှာရတာချည်းပဲ . . . (မှန်ပါ)၊ မရှာရဘူးလား . . . (ရှာပါတယ်ဘုရား)၊ တဏှာဥပါဒါန်ဆိုတာ သတ်မယ့်တရားတွေမဟုတ်လား . . . (မှန်ပါ)၊ ဒီဇာတိ၊ ဇရာမရဏဆိုတာသူက ဖြစ်စေတော့ သူဘဲသတ်တာ ဆိုတဲ့ အဓိပ္ပာယ်ကော ရှင်းပြီလား . . . (ရှင်းပါပြီ)။

ကောင်းပြီ။ ဒါဖြင့် ဒကာဒကာမတို့ ဒွါရခြောက်ပေါက်က ကိလေသာတည်းဟူသော သေမင်းကစောင့်နေတယ်၊ သတ်မယ့်သေမင်းက စောင့်နေတယ်။ ဒါသမုဒယသစ္စာ ကိုစောမောင်-ရှင်းရဲ့လား . . . (ရှင်းပါပြီ)၊ သမုဒယသစ္စာ လာရင်ဟိုဘက်မှာ ကိစ္စတွေနဲ့မကြုံရပေဘူးလား . . . (ကြုံရပါတယ်)။

ကောင်းပြီ။ ဒါနဲ့သေမင်းကဖြင့် ကျုပ်တို့ကို စောင့်တော့ နေတာဘဲ၊ ကျုပ်တို့ အပြင်ထွက်ရင်တော့ဖြင့် သတ်လိမ့် မယ်. . . (မှန်ပါ)၊ အပြင်ထွက်လို့ရှိရင်ဖြင့် ခုနင်က

လက်ကနေ ပြီးသကာလ အသည်းတွေဘာတွေ ဆွဲစားမယ် ဆိုတဲ့ တောခွေးနဲ့တူတဲ့ တဏှာကဖြင့် ကျုပ်တို့ကို စောင့်နေတာဘဲ . . . (မှန်ပါ)၊ စောင့်နေတော့ ဒွါရခြောက် ပေါက်က ကျုပ်တို့ အပြင် ဘက်သာ ထွက်မယ်ဆိုလို့ရှိရင် တဏှာ ဥပါဒါန်ကံ ဇရာမရဏချည်း အကုန်မလာဘူးလား . . . (လာပါတယ်)။

အဲဒီတော့ ဘုရားက ငါ၏တပည့်သားတို့၊ မင်းတို့အ ပြင်ထွက်ရင် တဏှာလူသတ်သမားနဲ့တွေ့တော့မယ်တဲ့။ မတွေ့ပေဘူးလား . . . (တွေ့ပါတယ်ဘုရား)၊ တွေ့လို့ရှိရင် ဖြင့် ဇာတိ၊ ဇရာမရဏဆိုတဲ့ သေမှုတွေမကြုံရဘူးလား . . . (ကြုံရပါတယ်ဘုရား)၊ ဒါဟာ တဏှာလူသတ်သမားက စောင့်နေတဲ့ အဓိပ္ပာယ်မပေါ်ဘူးလား . . . (ပေါ်ပါတယ်)။

## စိတ္တာနုပဿနာ လိပ်ခွံကြီးထဲဝင်ပါ

ကောင်းပြီ။ ဒါဖြင့် ခင်ဗျားတို့ တရားအားထုတ်မယ့် ပုဂ္ဂိုလ်တွေက၊ တစ်ခါတည်း အပြင်မထွက်ဘဲနဲ့ ဘုန်းကြီးပေး ထားတဲ့၊ စိတ္တာနုပဿနာတည်းဟူသော လိပ်ခွံကြီးထဲဝင်ပါ။ အဲဒီစိတ်တစ်လုံးတည်းကို ဖြစ်ပျက်ရှုနေပါ။ အဲဒီထဲသွင်းထား ပါ။ ခင်ဗျားတို့ ကြံစည်တဲ့စိတ်တွေကိုလဲ၊ မနောဝိတက်ဆိုတဲ့ ကြံစည်စိတ်တွေကိုလဲ၊ ဒကာဒကာမတို့ ဖြစ်ပျက် ဒုက္ခသစ္စာ

ပေါ်မှာပဲ ကြံပေစေ . . . (မှန်ပါ)၊ သဘောကျပြီလား . . . (ကျပါပြီ)။

အဲဒါတွေ စိတ္တာနုပဿနာ ဥဒ္ဓံထဲသာ အကုန်သွင်း လိုက် . . . (မှန်ပါ)၊ မျက်လုံးပေါက်က ကြည့်စရာတွေလာလို့ ရှိရင်လဲ မျက်လုံးပေါက်ကို ဖြစ်ပျက်ရှုလိုက်။ နားပေါက်က ကြားတဲ့စိတ်ကလေးပေါ်လာရင်ကော . . . (ကြားတဲ့စိတ်က လေး ဖြစ်ပျက်ရှုရပါမယ်)၊ နှာခေါင်းပေါက်က နံတဲ့စိတ်က လေးပေါ်လာရင် (ဖြစ်ပျက်ရှုရပါမယ်)၊ လျှာပေါ်က စားတဲ့ စိတ်ကလေးပေါ်လာရင် . . . (စားတဲ့စိတ်ကလေး ဖြစ်ပျက် ရှုပါမယ်)၊ အဲဒါကတော့ လိပ်ခွံကြီးသာမှတ်ထား။ ဒီအထဲသာ သွင်းပစ်ပါ . . . (မှန်ပါ)၊ သဘောကျပြီလား . . . (ကျပါပြီ)။

ကိုယ်ပေါက်က ယားတာယံတာ နာတာကလေးပေါ် လာရင်ကော . . . (ဖြစ်ပျက်ရှုပစ်ရပါမယ်)၊ ပေါ်တဲ့စိတ်ကို ဖြစ်ပျက်ရှု၊ မနောပေါက်က ကြံလုံးတွေးလုံးတွေလာရင်ကော . . . (ဖြစ်ပျက်ရှုရပါမယ်)၊ ဖြစ်ပျက်ရှုတော့ စိတ္တာနုပဿနာ တည်းဟူသော ဖြစ်ပျက်ပေါ့ဗျာ . . . (မှန်ပါ)၊ အဲဒီဖြစ်ပျက် ထဲသာ သွင်းပေးနေလို့ရှိရင်ဖြင့်၊ မျက်လုံးပေါက်ကလဲ တဏှာ ဥပါဒါန် လာသေးရဲ့လား . . . (မလာပါဘူး)၊ ဒါဖြင့် စောင့် နေတဲ့ကိလေသာသည် ကားလို့ဆိုရင်၊ ကျုပ်တို့ကို ဆွဲစားမ လို့၊ အပါယ်ကျအောင် ပို့မလို့၊ သေပွဲတွေပို့မလို့၊ သုသာန်မြေ

ပို့မလို့ စောင့်နေတဲ့ တဏှာ ဥပါဒါန်တွေဟာ ဒကာဒကာမ တို့ (ဝါ) သမုဒယသစ္စာတည်းဟူသော လူသတ်သမားတွေ ဟာ ကိုစောမောင် သတ်ခွင့်ဘယ့်နှယ်နေသတုံး . . . (မရပါ ဘူး)၊ စိတ္တာနုပဿနာဥဒ္ဓံကြီးအောက်မှာသာ ခုနင်က လိပ်က ဝှက်လိုက်သလို ကျုပ်တို့ စိတ္တာနုပဿနာအောက်သာ အကုန် သွင်း . . . (မှန်ပါ)၊ ဘယ်စိတ်လာ . . . လာ . . . ရှုပစ်လိုက် (မှန်ပါ)၊ သဘောကျပြီလား . . . (ကျပါပြီ)။

ဘယ်စိတ်လာလာ ရှုပစ်လိုက်လို့ရှိရင် တဏှာ ဥပါ ဒါန်လာသေးရဲ့လား . . . (မလာပါဘူး)၊ ဥပမာမယ် စားချင် တဲ့စိတ်လာလဲ မဂ္ဂင်နဲ့ ဖြစ်ပျက်သာရှုချ။ ဝတ်ချင်တဲ့စိတ်လာ ရင်လဲ . . . (မဂ္ဂင်နဲ့ဖြစ်ပျက်ရှုရပါမယ်)၊ သွားချင်တဲ့စိတ်လာ ရင်လဲ. . . (ဖြစ်ပျက်ရှုရပါမယ်)၊ ဖြစ်ပျက်ရှုဆိုတော့ အကုန် ရှုပေး။ စားချင်တဲ့စိတ်လာလဲ မစားရဘူးလို့ မဆိုပါဘူး။ စား တဲ့စိတ်ကို . . . (ဖြစ်ပျက်ရှုရပါမယ်)။

## ကိလေသာလူသတ်သမားတွေ ချုပ်သွားတယ်

ဒါဖြင့် ဖြစ်ပျက်က ဘာနဲ့တူသတုံး . . . လိပ်ခွံကြီးနဲ့ တူတယ်။ ဒီအထဲချည်း ကျုပ်တို့က အကုန်မသွင်းလိုက်ဘူး လား . . . (သွင်းလိုက်ပါတယ်)၊ အဲ . . . ကိလေသာတွေက ဘေးကနေပြီးသကာလ အရင်ထုံးစံအတိုင်းဆိုရင် သတ်

မလို့စောင့်နေတာတွေဟာ ဒကာဒကာမတို့၊ ကိလေသာသူ သတ်သမားသည် ဒီအတိုင်းသွားရရှာတယ် . . . (မှန်ပါ)၊ သဘောကျပြီလား . . . (ကျပါပြီ)၊ ကိလေသာ သူသတ် သမား ချုပ်သွားတဲ့အတွက်၊ သူလုပ်မယ့်အသေကောင်တွေ ကော ပေါ်သေးရဲ့လား . . . (မပေါ်ပါဘူး)၊ သူသတ်မယ့် အသေကောင်တွေပေါ်သေးရဲ့လား . . . (မပေါ်ပါဘူး)၊ ဒါဖြင့် လူသတ်သမားလဲပျောက်၊ အသေကောင်လဲ . . . (ပျောက်ပါတယ်ဘုရား)။

ဒါဖြင့်ကျုပ်တို့ရှာတည်ရင် သုသာန်ထည့်စဉ်းစားဖို့ မလိုတော့ပါဘူး (မလိုတော့ပါဘူး)၊ မလိုတော့ပါဘူး ကျုပ်တို့ သည်ခုနင်က လိပ်လိုနေပစ်လိုက်ပါ . . . (မှန်ပါ)။

## ဘယ်လိုနေရမှာတုံး

ဘယ်လိုနေရမတုံး . . . (လိပ်လိုနေပစ်လိုက်ရပါ မယ်)၊ လိပ်ကြီးလို ဒကာဒကာမတို့၊ ခုနင်ကပြောခဲ့တဲ့ ခွေးက ထွက်ရာကို စားမယ်ဆိုပြီး စောင့်နေလိုက်တာ၊ လိပ်က ဉခွံထဲသွင်းပစ်လိုက်တာနဲ့ ခွေး၏အစာမှလွတ်သလို၊ ဒီမှာလဲ ကိလေသာသူသတ်သမားတို့ရဲ့ လက်ချက်မှ လွတ်ရသလို မလွတ်ဖူးလား . . . (လွတ်ပါတယ်)။

ဒါဖြင့် စိတ္တာနုပဿနာသည် လိပ်ခွံကြီးနဲ့တူတယ်။ ခင်ဗျားတို့သည်ကားလို့ဆိုရင် အဲဒီအောက်ကို တစ်ခါတည်း ဘယ်စိတ်လာလာ၊ စိတ္တာနုပဿနာ အခွံကြီးအောက်သာ သွင်းလိုက်မယ်ဆိုလို့ရှိရင်၊ တဏှာသူသတ်သမားသည် လာလဲမလာဘူး . . . (မှန်ပါ)၊ လာလဲစောင့်ပြန်ပြီးသကာလ သတ်စရာ အထည်ကော ဖြစ်ပါဦးမလား . . . (မဖြစ်ပါ ဘူး) ဒါဖြင့် သမုဒယသစ္စာမှ မဖြစ်ရင် ဒုက္ခသစ္စာလဲ နောက်က လိုက်လို့ ဘယ့်နှယ်နေပါ့မလဲ . . . (မရပါဘူး)။ မလိုက်နိုင် ဘူးဆိုတာ ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

တော်တော်အရေးကြီးတဲ့တရား။ ဆရာဘုန်းကြီး ဟောနေတာသည် သံယုတ်ပါဠိတော်မှာ ဘုရားဟောတော် မူတာကို အဓိပ္ပာယ်ယူပြီး ဟောနေတာလို့ သေသေချာချာ မှတ်ကြပါ . . . (မှန်ပါ)။

အဲဒီတော့ စိတ္တာနုပဿနာတည်းဟူသော ဥခွံကြီး အောက်ကိုယူပြီး ခင်ဗျားတို့ဉာဏ်တွေ အကုန်သွင်းပစ်ကြပါ။ တဏှာဥပါဒါန် မလာစေနဲ့ပေါ့ဗျာ . . . (မှန်ပါ)၊ တဏှာ မလာတော့ လူသတ်သမားသည် လာသေးရဲ့လား . . . (မလာပါဘူး)၊ သူသတ်သမားမှ မလာလို့ရှိရင် သူသေကောင် ဖြစ် ဖို့ခန္ဓာကော (မလာပါဘူး)၊ တဏှာဥပါဒါန်မရှိဘဲ ကံ ဇာတိ ဇရာမရဏ ကိုစောမောင် လာဦးမလား . . .

(မလာပါဘူး)၊ ဒါ ပဋိစ္စသမုပ္ပါဒ် နားလည်ပြီးသား ပုဂ္ဂိုလ်တွေ ကျတော့ ရှင်း လို့ပေါ့ဗျာ . . . (မှန်ပါ)။

## ဘယ်စိတ်လာလာ ဘာလုပ်ရမှာတုံး

ဒါဖြင့် အလုပ်လုပ်တတ်ကြပြီးလားလို့ မေးတယ် . . . (လုပ်တတ်ပါပြီဘုရား)၊ ဘယ်စိတ်လာလာ ဘာလုပ်ရမတုံး (ဖြစ်ပျက်ရှုရပါမယ်)၊ ဩော် . . . ဒီစိတ်ကလေးဟာ အခုပေါ်ပြီး အခုပျောက်တာပဲ၊ ဘယ်စိတ်ပေါ် ဘယ်ဟာရှုရမှာတုံးလို့ မေးဖို့မရှိအောင် ဆရာဘုန်းကြီးသည် ပြောနေပါတယ် . . . (မှန်ပါ)၊ တပည့်တော်တို့ဖြင့်ဘုရား . . . ဆေးလိပ်သောက်ချင်တယ်၊ သောက်ချင်တဲ့ စိတ်ကလေး ဖြစ်ပျက်ရှုမှသောက်လို့ ပေါ်လာမယ်၊ ပေါ်လာတဲ့ စိတ်ကလေးကော . . . (ဖြစ်ပျက်ရှုပါမယ်)၊ မူးတယ်ဆိုရင်ကော . . . (မူးတဲ့စိတ် ဖြစ်ပျက်ရှုပါ မယ်)၊ အနံ့ကလေး မခံနိုင်ဘူး ဆိုရင်ကော . . . (အနံ့မခံနိုင် တဲ့စိတ်ဖြစ်ပျက်ရှုရပါမယ်)၊ ဖြစ်ပျက်ရှုရှု . . . ရှုရှုပေးလိုက်တော့ သူသည် ခုနင်က လိပ်ခွံကြီးနဲ့တူတဲ့ ဒီအောက်ကို အကုန်သွင်းလိုက်တယ်။ ကျုပ်တို့က စိတ်တည်းဟူသော အခွံကြီးအောက်ကို သွင်းပစ်လိုက်တယ်။ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

သွင်းပစ်လိုက်တဲ့အခါကျတော့ ခုနင်က မြေခွေး

သည် စားခွင့်ရသေးရဲ့လား . . . (မရပါဘူး)၊ ကိလေသာ သမုဒယသစ္စာ ဝင်ခွင့်ရသေးရဲ့လား . . . (မရပါဘူး)။

ဒါဖြင့် သူသတ်သမားသည် . . . ကိလေသာမာန်ရဲ့ နတ်သည် ဒကာဒကာမတို့ ကျုပ်တို့ သန္တာန်မဝင်ရဘူး . . . (မှန်ပါ)၊ မဝင်ရတဲ့အတွက် ကျုပ်တို့ကို သတ်ဖို့ အရေးကို သူကြံစည်နိုင်သေးရဲ့လား . . . (မကြံစည်နိုင်ပါဘူးဘုရား) ဒါဖြင့် သမုဒယသေတဲ့အလုပ်ပဲ . . . (မှန်ပါ)၊ ရှင်းပြီလား (ရှင်းပါပြီဘုရား)။

သမုဒယဆိုတဲ့ သူသတ်သမားက ခင်ဗျားတို့ ဒွါရ ခြောက်ပေါက်က ထွက်ချင်ရာကထွက်၊ အဲဒီကနေပြီး အသေ ပေးမလို့ စောင့်နေတာ . . . (မှန်ပါ)၊ အခုကျုပ်တို့ကို သူ သည် စောင့်ကျိုးနပ်သေးရဲ့လား . . . (မနပ်ပါဘူး)၊ မနပ် တော့ သူချုပ်သွားတယ် . . . (မှန်ပါ)၊ သူချုပ်သွားတော့ သမုဒယသစ္စာသေသောကြောင့်၊ နောက်ခန္ဓာ ဒုက္ခသစ္စာ ဆိုတဲ့ သုသာန်မြုပ်စရာ အထည်တွေ ပေါ်ပါ့မလား (မပေါ် ပါဘူး)၊ ဩော် . . . ဘယ့်နှယ်ကြောင့် ကျုပ်တို့သည် နောက် အသေတွေ ဇာတ်သိမ်းနိုင်ပါလိမ့်မလဲလို့ မေးတဲ့အခါကျ တော့၊ ဒကာဒကာမတို့၊ လိပ်ခွံကြီးနဲ့တူတဲ့ စိတ္တာနုပဿနာ အောက်ကိုချည်း ဉာဏ်ကသွင်းပစ်လိုက်တယ် . . . (မှန်ပါ)၊ ဘယ်စိတ်လာလာ အဲဒီဘက်ချည်း ဉာဏ်ကသွင်းပစ်လိုက်

တယ် . . . (မှန်ပါ)၊ ကိလေသာကို ထွက်ခွင့်ပေးသေးရဲ့လား . . . (မပေးပါဘူး)၊ မပေးတော့ ခုနင်က လုံခြုံသလို ယောဂီ ပုဂ္ဂိုလ်ဟာလဲ လုံခြုံသွားတယ်ဆိုတဲ့ အဓိပ္ပာယ်လဲ မရှင်း သေးဘူးလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ ခင်ဗျားတို့မှာဖြင့် တဏှာ ဥပါဒါန်သာ လာမယ်ဆိုရင် ကိုစောမောင် သူသတ်သမား ရောက်တာပဲ . . . (မှန်ပါ)။ ရောက်တာမှ သူလုပ်တဲ့ ခန္ဓာ သူသတ်မှာပဲ။ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

ဒီတော့ သူလုပ်တဲ့ ခန္ဓာကို သူသတ်တော့မယ်ဆို တော့ သူ့ကိုဘဲ ကျုပ်တို့ဝင်ခွင့်ပေးသေးရဲ့လား . . . (မပေး တော့ပါဘူး)။ မွေးမွေးပေးနေတဲ့ မအေကြီးပါ သေပေါ့၊ သား သမီးပေါ်ဦးမှာလား . . . (မပေါ်တော့ပါဘူး)၊ မွေးတတ်တဲ့ အမေက သေသွားတော့ မွေးစရာဖြစ်တဲ့ ခန္ဓာကိုယ်ကြီး ပေါ် ဦးမလား . . . (မပေါ်တော့ပါဘူး)။ သဘောပါကြပြီလား . . . (ပါ, ပါပြီ)။

ဒါဖြင့် ဥပမာနဲ့ ဥပမေယျဟပ်ကြစို့ ဆိုတော့ ဒကာ ဒကာမတို့၊ ခင်ဗျားတို့ စိတ္တာနုပဿနာကို ကျုပ်တို့က ဘယ် စိတ်လာလာ လောဘစိတ်လာလဲ ဖြစ်ပျက်ရှုချ (မှန်ပါ)။

ဒေါသစိတ်လာရင်ကော . . . (ဖြစ်ပျက် ရှုပါမယ် ဘုရား)။

မောဟစိတ်လာရင်ကော . . . (ဖြစ်ပျက် ရှုပါမယ် ဘုရား)။

အိပ်ချင်တဲ့စိတ်လာရင်ကော . . . (ဖြစ်ပျက် ရှုပါ မယ်ဘုရား)။

ပျံ့လွင့်စိတ်လာရင်ကော . . . (ဖြစ်ပျက် ရှုပါမယ် ဘုရား)။

လာချင်တာလာ . . . ဖြစ်ပျက်ရှုမယ် . . . (မှန်ပါ)။

ဒါဖြင့် ဖြစ်ပျက်ဆိုတာသည် ဒကာဒကာမတို့ စိတ္တာ နုပဿနာအခွံကြီးပါပဲ။ ဒီအထဲချည်း သွင်းပစ်လိုက်ပါ . . . (မှန်ပါ)၊ ဒီအခွံကြီးထဲချည်းသွင်းပစ်လိုက်ပါ . . . (မှန်ပါ)၊ ဒီအခွံကြီးထဲချည်း သွင်းပစ်လိုက်တဲ့အခါကျလို့ရှိရင် ဒကာ ဒကာမတို့ လိပ်သည်အပြင်ဘက်မထွက်သလိုပေါ့။ ခွေးက ဆွဲ စရာအချက်လဲ ပါသေးရဲ့လား . . . (မပါတော့ပါဘူး)။ ဒါဖြင့် လိပ်အန္တရာယ်ကင်းလို့ ဘေးရှင်းသလို၊ ဒီမှာလဲ ကျုပ်တို့ စိတ္တာနုပဿနာဖြစ်ပျက်ရှုမှုတည်းဟူသော အခွံကြီး ထဲသာ၊ ကျုပ်တို့ ဘယ်စိတ်လာလာ ဒါပဲဒါပဲ ဖြစ်ပျက်ရှု၊ ဖြစ်ပျက်သာရှု ရှုလိုက်တဲ့အခါကျလို့ရှိရင်ဖြင့်၊ မဂ်နဲ့ ဖြစ်ပျက် သာရှိတော့တယ်၊ မဂ်ဆိုတာက ကိလေသာသတ်တာပဲ . . . (မှန်ပါ)၊ ဒါဖြင့် တဏှာဥပါဒါန် လာသေးရဲ့လား . . . (မလာပါဘူး)၊ ဇရာ မရဏဆိုတဲ့ အိုနာသေတရားတွေကော

. . . (မလာပါဘူး)၊ ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံး ဆိုတော့ ကျုပ်တို့သည် ဒွါရ ခြောက်ပေါက်ကနေပြီး သင်္ကာလ အကုန်ရုပ်သိမ်းပြီး သင်္ကာလ စိတ္တာနုပဿနာတည်းဟူသော အခွံကြီးအောက် သွင်းပစ်လိုက်လို့ အန္တရာယ်ကင်းလို့ ဘေးရှင်းရပါတယ်ဆိုတာ ပေါ်ကြပြီလား . . . (ပေါ်ပါပြီ ဘုရား)။

## ဝိပဿနာ ရှုတယ်ဆိုတာ

ဩော် . . . ဒါဖြင့် ဒကာဒကာမတွေ ဝိပဿနာရှုတယ်ဆိုတာ ဒီအခွံကြီးအောက်မှာ အကုန်သွင်းရတာကိုး ဆိုတာကော သဘောကျပြီလား . . . (ကျပါပြီ)။ လိပ်ဟာ အန္တရာယ်ကင်းတာဘယ်သူ့အကူအညီကြောင့်ပါလိမ့်မတုံး၊ အခွံရဲ့အကူအညီကြောင့် လိပ်မှာ အန္တရာယ် ကင်းရတယ်ဆိုတော့၊ ကျုပ်တို့လဲ စိတ္တာနုပဿနာတည်းဟူသော အခွံဖြစ်အောင်သာ လုပ်နေမယ်ဆိုလို့ရှိရင် ဒီအထဲသာသွင်းပစ်၊ ဘယ်စိတ်လာလာ ရှုစိတ်ကလေးလာလဲ . . . (ဖြစ်ပျက်ရှုရပါမယ်)။ သဘောကျပြီလား . . . (ကျပါပြီ)။ ဆွေးချင်တဲ့စိတ်လာရင်ကော . . . (ဖြစ်ပျက်ရှုရပါမယ်)။ ပူချင်တဲ့စိတ်လာရင်ကော . . . (ဖြစ်ပျက်ရှုရပါမယ်)။ ယုတ်စွအဆုံး ဒကာဒကာမတို့၊ ဆီးသွားချင်တဲ့ စိတ်ကလေးလာတာတောင် ဖြစ်

ပျက်ရှုချ၊ သဘောကျပြီလား. . . (ကျပါပြီ)။ ကုဋီသွားချင်တဲ့ စိတ်ကလေးလာတာတောင်. . . (ဖြစ်ပျက်ရှု ချရပါမယ်)။ မသွားရဘူးဆိုတာ မဟုတ်ပါဘူး သွားချင်တဲ့စိတ်ကို ဖြစ်ပျက် ရှုပစ်စမ်းပါ. . . (မှန်ပါ)။ ကျင်ငယ်စွန့်ချင်တဲ့ စိတ်ကလေး ပေါ်လာရင်ကော. . . (ဖြစ်ပျက်ရှုရမှာပါပဲ)။ ဒါကြောင့် **ဉစ္စာရ ပဿာဝ ကမ္မေ သမ္ပဇာနကာရီဟောတိလို့** ဟော တော်မူတာ၊ ကျင်ကြီး ကျင်ငယ်စွန့်ဖို့ပေါ်တဲ့စိတ်တောင် ကိုစောမောင် ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

## အသေလွှတ်တရား

ရှုလိုက်တော့ စိတ္တာနုပဿနာတည်းဟူသော ဉခွံ ကြီးအောက်မှာ ကျုပ်တို့ ဉာဏ်တွေအကုန်သွင်းပစ်လိုက် တယ် . . . (မှန်ပါ)၊ ကိလေသာတွေ လာခွင့်ရကြသေးရဲ့လား (မရပါဘူး)။ မရတော့ ဒီဉခွံကြီး တည်းဟူသော အကာအ ကွယ်ကြောင့် ကျုပ်တို့မှာ နောင်သေစရာသချိုင်းလဲ ရှာစရာ မလိုတော့ပါဘူး . . . (မှန်ပါ)၊ မရတော့ဘူးလို့ဆိုသဖြင့် ဩော် ဒီလိုလုပ်ပြန်တော့လဲ ရှာတည်ရင် သုသာန်မပါတော့ပါ ဘူး ဆိုတဲ့ အဓိပ္ပာယ်လဲ ရှင်းသွားပြီ . . . (ရှင်းပါပြီဘုရား)။

အခုတော့ဖြင့် ရှာတည်မည်ကြံလို့ရှိရင်ဖြင့် သုသာန်

ဘည့်စဉ်းစားရတယ်ဆိုတော့၊ ကိုယ်ကိုယ်တိုင် မင်္ဂလာမရှိလို့ သူ့သာန်ထည့်စဉ်းစားရတယ် . . . (မှန်ပါ)။ သဘောကျပြီ သား . . . (ကျပါပြီ)။

ကိုယ်ကိုယ်တိုင်က ဘာတုံး . . . (မင်္ဂလာမရှိပါ ဘုရား)။ အဲ . . . ခင်ဗျားတို့ မင်္ဂလာဆောင်တုန်းက ဟာတွေ ကအလကားပြောတာ . . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါပြီ)။ မင်္ဂလာဆောင်တဲ့ အခါကျတော့ ငှက်ပျော တို့ ဘာတို့ လတ်လတ်ဆတ်ဆတ်နဲ့၊ ထွားထွားကျိုင်းကျိုင်းနဲ့၊ အုန်းသီးတို့ ဘာတို့ ချောချောမောမောနဲ့၊ မောင်နိုင် မင်္ဂလာ ဆောင်တဲ့အခါကိုး . . . (မှန်ပါ)။ ဒီလိုကော မလုပ်ကြပေဘူး လား . . . (လုပ်ရပါတယ်ဘုရား)။ အဲဒါတွေသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် နောက်ဆုံးပိတ်ကျတော့ ထင်းပုံခေါင်းချလာ ပါတယ် . . . (မှန်ပါ)။ ကိုစောမောင် ဘာပါလာရသလဲ . . . (ထင်းပုံ ခေါင်းချလာပါတယ်)။ ထင်းပုံခေါင်းချပါလာက တည်းကိုက သူ့သာန်ရောက်နေပြီ . . . (မှန်ပါ)။

## ထင်းပုံခေါင်းချဆိုတာ သေရဦးမယ်ပြောတာ

မင်္ဂလာထဲမှာ ဘာပါနေသလဲ . . . (ထင်းပုံခေါင်းချ ပါနေပါတယ်ဘုရား)။ ခင်ဗျားတို့က ဒါကို အကြီးအကျယ် လုပ်နေတာ။ ဟိုမှာ ဆုပေးတဲ့လူက ဘယ်လိုပေးသတုံး

. . . (ထင်းပုံခေါင်းချပေါင်းရပါစေလို့ ပေးလိုက်တယ်)။ ထင်းပုံ ခေါင်းချပေးလိုက်တယ်ဆိုတာ မင်းတို့နှစ်ယောက် သေရလိမ့်မယ် ပြောလိုက်တာ . . . (မှန်ပါ)။ သေရလိမ့်မယ်လို့ ပြောလိုက်တာကို ခင်ဗျားတို့က ဝမ်းမျှား သာလိုက်သေးတယ်၊ ထင်းပုံခေါင်းချတဲ့ဟော့ ထင်းပုံခေါင်းချတဲ့ . . . (မှန်ပါ)။ ကြောက်စရာကောင်းလိုက်တဲ့ဖြစ်ခြင်း၊ မပြောပါနဲ့တော့ (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါပြီ)။

အဲဒါဟာ ထင်းပုံခေါင်းချ မင်းဒုက္ခရောက်ရမယ်၊ မင်းတို့သေရမယ်လို့ပြောတာကိုဘဲ၊ အို . . . ဒီဆုအတိုင်း ပြည့်ပရစေဟဲ့ သတို့သားနဲ့ သတို့သမီးကလေ . . . (မှန်ပါ)။

ဘယ်လိုများပါလိမ့် . . . (ဒီဆုအတိုင်း ပြည့်ပရစေတော့)။ သြော် ထင်းပုံခေါင်းချပြီးသကာလ သေပွဲဝင်ရပါလို၏ကိုဘဲ ပြည့်ပါရစေဆိုတော့ ကိုစောမောင် သစ္စာသိရတာရယ်လို့ ပါသေးရဲ့လား . . . (မပါတော့ပါဘူး)။ **မရဏမွိဒုက္ခံ** ကိုသိသေးရဲ့လား . . . (မသိပါဘူး)။ မသိလို့ဘဲ ခင်ဗျားတို့ ပေးတဲ့ဆုကလဲ ထင်းပုံခေါင်းချချည်းဘဲ ပေးနေတော့ သွားပါရောဗျာ . . . (မှန်ပါ)။ အဲဒါကို ခင်ဗျားတို့က ဒီဆုနဲ့ပြည့်ပါစေတဲ့။ သွားပြီပေါ့ . . . (မှန်ပါ)။ ဒီလောက် အရုပ်ဆိုးတဲ့ဆုကိုပဲ ခင်ဗျားတို့က အကျေနပ်ကြီးကျေနပ်ပြီး သကာလ နေလိုက်တာ ဆုပေးတာလဲ သူတို့မှာ အဘိုးကြီး အဘွားကြီးသာ

ဆိုတာ အကြင်လင်မယားစုံတုန်းက ပေးတာဆိုပြီး သဘော ကျနေကြတယ် . . . (မှန်ပါ)။

ကိုစောမောင် မင်္ဂလာဆောင်တောင်မှ အမင်္ဂလာ ထည့်မပေးကြဘူးလား . . . (ပေးပါတယ်ဘုရား)။ ဘာ ကြောင့်တုံး ဒီခန္ဓာကြီးဟာ မင်္ဂလာရှိလို့လား၊ မင်္ဂလာမရှိလို့ လား . . . (မင်္ဂလာမရှိလို့ပါဘုရား)။ မင်္ဂလာမရှိလို့ကို ဆုပေး တဲ့လူက ဘယ့်နှယ်ထည့် ပေးသလဲ . . . (ထင်းပုံခေါင်းချပေး ပါတယ်)။ အဲဒါကို ခင်ဗျားတို့က ပြုံးများနေလိုက်သေးတယ် . . . (မှန်ပါ)။ ဘာမသိလို့ပြုံးနေတာတုံး . . . (သစ္စာမသိလို့ ပြုံးနေတာပါ)။ မရဏာမှိဒုက္ခံဆိုတဲ့ မရဏာဒုက္ခသစ္စာကို မသိလို့ ပြုံးတယ် . . . (မှန်ပါ)။

ဒါကြောင့် သစ္စာမသိတဲ့ လူဟာ ရူးပါတယ်ပြောတာ။ သေရမယ့်ဆုတောင် ပြုံးတုန်းရှိသေးတယ် . . . (မှန်ပါ)။

ဘယ့်နှယ်ဖြစ်နေကြသလဲ . . . (သေရမယ့်ဆု တောင် ပြုံးတုန်းရှိပါသေးတယ်ဘုရား)။ သေရမယ့်ဆုကို ပြုံး တုန်းဆိုတော့ ခင်ဗျားတို့ဟာက အတော်ခက်နေတာ ပုရစ် လိုဖြစ်နေတယ် . . . (မှန်ပါ)။

ကိုစောမောင် ပုရစ်စားဖူးရဲ့လား . . . (စားဖူးပါ တယ်ဘုရား)။ ဒယ်အိုးထဲ ကြော်လဲ မျက်လုံးပြူးတုန်းပဲ။

ပင်ကိုကလဲ ပြူးပြူးပဲ . . . (မှန်ပါ)။ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

ဒါလောက်ထိအောင်ဆိုးနေတာ ခင်ဗျားတို့ ဆိုးပုံက ဖြင့် ဒကာဒကာမတို့၊ ဥပမာကို ပြောစရာမရှိအောင် . . . (မှန်ပါ)။ ကဲ . . . မောင်နိုင် ကျေနပ်ပြီလား ဒါကို . . . (ကျေနပ်ပါပြီဘုရား)။

## ထင်းပုံခေါင်းချဇာတ်သိမ်းပါ

ဒါဖြင့် ဒကာဒကာမတို့ မသေရာတည်းဟူသော ဥခွံကြီးကိုသာ အားကိုးကြပါ၊ လိပ်မသေတာဟာ ဥခွံအားကိုးလို့ . . . (မှန်ပါ)။ ဒီမှာလဲ စိတ္တာနုပဿနာဥခွံကို အားကိုးကြမယ်ဆိုလို့ရှိရင် ထင်းပုံခေါင်းချလဲသိမ်းပါလိမ့်မယ် (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါပြီ)။ နို့မဟုတ်ရင် ထင်းပုံခေါင်းချဇာတ်ကို ခင်ဗျားတို့သည်ကားဆိုလို့ရှိရင် မပါးနပ်ကြတော့ ထင်းပုံခေါင်းချကို ပြုံးမိကြတယ် . . . (မှန်ပါ)။

ဘယ်လိုပါလိမ့် . . . (ထင်းပုံခေါင်းချကို ပြုံးမိပါတယ်ဘုရား)။

ခင်ဗျားတို့ ငယ်ရာကကြီးလာတာဘဲ မောင်နိုင်တို့၊ သစ္စာမသိခင်တုန်းက ထင်းပုံခေါင်းချဆုကို ကြိုက်တယ် . . . (ကြိုက်ခဲ့ပါတယ်ဘုရား)၊ ဖြစ်မှဖြစ်ရပလေ။ ဒီဘက်က

ဒကာဒကာမ တွေကော . . . (ကြိုက်ခဲ့ပါတယ်ဘုရား)။ ဘာ မသိလို့ပါလိမ့် . . . (သစ္စာမသိလို့ပါဘုရား)။ ထင်းပုံခေါင်း ချဆုဆိုတာ သေစေသတည်း . . . (မှန်ပါ)။

ထင်းပုံခေါင်းချဆိုတာ ဘာလဲ . . . (သေစေသ တည်းပါဘုရား)။ မင်းတို့ အကြင်လင်မယားသည် ထင်းပုံ ခေါင်းချပြီးသေကြစေသတည်း . . . မီးရှို့ခံကြစေသတည်းဘဲ . . . (မှန်ပါ)။ ကိုစောမောင် သည့်ပြင်ဘာပါသေးသတုံး. . . (မပါ,ပါဘူး)။ အဲဒါကို ကိုစောမောင်တို့က ဘယ့်နှယ်ကြောင့် ဝမ်းသာတာတုံး ဆိုတော့သေရမှာကြောင့် . . . (မှန်ပါ)။ ကြားပဲမကြားဖူးပါဘူး။

သေရမှာကြောင့်တော့ ဘယ်သူ ဝမ်းသာတဲ့ ပုဂ္ဂိုလ် ရှိသတုံး . . . (မရှိပါဘူး)။ သို့သော် ခင်ဗျားတို့ကတော့ ဘာ ဖြစ်နေသတုံးရူးလို့ . . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါပြီ)။ ဘယ်လိုရူးသတုံးလို့မေးတဲ့အခါ သစ္စာမသိလို့ အဝိဇ္ဇာ ရူး,ရူးနေတယ် . . . (မှန်ပါ)။

ဒါဟာ သစ္စာမသိတော့ ခင်ဗျားတို့ အခုကိုယ်တိုင်ကို ဘဲ မျက်ရည်ကျစရာတွေ တစ်ပုံကြီးရှိသေးတယ် . . . (မှန်ပါ ဘုရား)။ ဘာဖြစ်လို့တုံး . . . (သစ္စာမသိလို့) မျက်ရည်ကျ စရာတွေ တည်ထောင်ထားပြီးကောဗျာ၊ သားတွေသမီးတွေ ခမွး ဆွေတွေပွား၊ မျိုးတွေပွားနဲ့ ဒါတွေက ဘာလုပ်စရာတွေ

တုံးဆိုတော့ မြိုင်မြိုင်ဆိုင်ဆိုင်ရှိဖို့လား၊ နောက်ဆုံးပိတ် မျက်ရည်ကျစရာတွေ လားသာ အကဲခတ် . . . (မျက်ရည်ကျစရာတွေပါဘုရား)။ ဒါဟာထင်းပုံခေါင်းချက စလာတာကိုးဗျ . . . (မှန်ပါ)။သဘောကျပြီလား (ကျပါပြီ)။

မင်းတို့ ထင်းပုံခေါင်းမချခင် မျက်ရည်အရင်ကျရဦးမယ်ဆိုတာကကော. . . (ပါ့ပါတယ်ဘုရား)။ အဲဒါလဲ ပြုံးတာဘဲခင်ဗျားတို့က. . . (မှန်ပါ)။ သားကောင်း သမီးကောင်း ထွန်းကားပါစေဆိုတော့လဲ ပြုံးတာဘဲ. . . (မှန်ပါ)။ ဘယ့်နှယ်တုံး ကိုစောမောင် ပြုံးပုံတွေက. . . (သစ္စာ မသိလို့ပါ)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဒီအထဲမှာ ခင်ဗျားတို့ တစ်ယောက်မှ ပါးတဲ့လူမရှိဘူးနော် . . . (မှန်ပါ)။ ဘာကြောင့် မပါးသတုံးဆိုတော့ သစ္စာ မသိလို့ . . (မှန်ပါ)။

အခုတော့ ဘယ့်နှယ်နေကြသတုံး မေးတော့ မဲ့ရတာနဲ့ ပြုံးရတာ ဘယ်ဟာက များသတုံး . . . (မဲ့ရတာက များပါတယ်ဘုရား)။ အင်းဒါတောင် အမဲ့ကလေးပဲ ရှိသေးတယ်နော့ . . . (မှန်ပါ)။ အရွဲ့ကြီးလာလိမ့်ဦးမယ် . . . (မှန်ပါ)။ မလာပေဘူးလား . . . (လာမှာပါဘုရား)။

ကိုစောမောင် အမဲ့ကလေးရှိသေးတယ်။ နောက်ကိုယ်ကိုယ်တိုင် သေရမယ့် အရွဲ့ကိစ္စတွေက ကျန်သေးတယ်မဟုတ်လား . . . (မှန်ပါ)။ ဒါကြောင့် တပည့်တော်တို့ ကံ

မကောင်းသေးဘူး ဘုရားတဲ့၊ ဟာ ဒါက ကံကောင်းသေးတာ အောင့်မေ့၊ မင်းတို့သေစရာကျန်သေးတယ် . . . (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ကိုမြင့် ဘာကျန်သေးသတုံး . . . (သေစရာကျန်ပါသေးတယ်ဘုရား)။ အခု ညည်းမနေနဲ့နော်၊ အခုညည်းတာက အသံကလေးထွက်နိုင်သေးတယ်။ အသံမထွက်နိုင်တဲ့ကိစ္စ လာလိမ့်ဦးမယ် . . . (မှန်ပါ)။

## သစ္စာမနာဖူးဘူး

ဒါကြောင့် ခင်ဗျားတို့ သစ္စာမနာဖူးတော့ အလွန်ဆိုးသွားတယ် . . . (မှန်ပါဘုရား)။ ဘုန်းကြီးက တစ်ခါ တစ်ခါ ကျတော့ ပြောရတယ်၊ ခင်ဗျားတို့ဟာဗျာ အသက်အရွယ်တွေ လဲ ကြီးကုန်ပြီ၊ အခုထက်ထိပဲ မပါးတာဟာ ဘာကြောင့်ပါ လိမ့်မတုံးဆိုတော့၊ သစ္စာဟောတတ်တဲ့ ဆရာနဲ့မတွေ့တော့ ခင်ဗျားတို့မှာ ပါးလုံးက ဘယ်ဟာမှ မလာတော့ဘူး . . . (မှန်ပါ)။ ပါးလုံး မလာဘူး။

## ပန်းတစ်ပွင့်လှူပြီးနတ်ဖြစ်ချင်တယ်

ဥပမာ သာမညအဟော အပြောအရေးအသားနဲ့ ပန်းတစ်ပွင့်လှူဒါန်းပြီး၊ နတ်ပြည်မှာ အကြိမ်များစွာ ခံစားရတယ်ဆိုတော့၊ ခင်ဗျားတို့က သိပ်ကျေနပ်တယ်။ အဲဒီအထဲ

မှာ အကြိမ်မျိုးစုံသေရမှာက ပါနေသလား၊ မပါဘူးလား . . . (ပါ, ပါတယ်ဘုရား)။ အဲဒါကျတော့ ခင်ဗျားတို့က ဖြစ်ပရစေတဲ့ . . . (မှန်ပါ)။

ကိုစောမောင် ဘာတုံး . . . (ဖြစ်ပရစေ)။ ပေးတဲ့ ဆုအတိုင်းကော . . . (ပြည့်ပရစေ)။ ဟာ ဒါဖြင့် အသေမျိုးစုံ ကြုံရပါလို၏ဘဲ . . . (မှန်ပါ)။ ဘာကြောင့် ဒီဉစ္စာ ဒါလောက် သဘောကျနေကြပါလိမ့် . . . (သစ္စာမသိလို့ပါဘုရား)။ သစ္စာမသိလို့ ဆိုတာ ပေါ်ပြီလား . . . (ပေါ်ပါပြီဘုရား)။

ကိုင်း . . . ပေးလိုက်တဲ့ဆုက အသေ . . . (မှန်ပါ)။ ကိုယ်ကတော့ အကြိုက် . . . (မှန်ပါ)။ ဩော် . . . ခက်လိုက်ပါဘိ တိရစ္ဆာန်လောက်တောင်မှ မလိမ္မာဘူးဆိုတဲ့ အဓိပ္ပါယ် တချို့နေရာရောက်နေတယ်။ ခွေးဟာ တုတ် ကလေး ကိုင်လိုက်တယ်ဆိုရင် ငါ့ကိုရိုက်မှာလား ဆိုပြီး လွတ်ရာပြေးတယ် . . . (မှန်ပါ)။ ခင်ဗျားတို့က လွတ်ရာ ပြေးသလား၊ ပြုံးများနေလိုက် သေးသလား . . . (ပြုံးနေပါ တယ် ဘုရား)။ ထင်းပုံ ခေါင်းချ ပေါင်းကြစေသား ဆိုတော့ ဘယ့်နှယ်နေသတုံး . . . (ပြုံးပါတယ်ဘုရား)။ မင်းသေရမယ် လို့ ပြောလိုက်တာကို ပြုံးများနေ လိုက်သေး တယ်ဆိုတော့ ကိုစောမောင် ခုနင်ကခွေးထက် ဘယ့်နှယ်နေသတုံး . . . (မိုက်ရာ ရောက်ပါတယ်ဘုရား)။

## သစ္စာတရားမနာဖူးရင် လူမဖြစ်သေး

ဘုန်းကြီးတစ်ခုရှင်းပြမယ်၊ ဒကာဒကာမတို့။ သစ္စာတရားမနာဖူးသေးရင် ခင်ဗျားတို့ ဘယ်သောအခါမှ လူမဖြစ်သေးဘူး ဆိုတာဆုံးဖြတ်ချက်ချ . . . (မှန်ပါ)။ မချထိုက်ဘူးလား . . . (ချထိုက်ပါတယ်ဘုရား)။ သဘောပါကြရဲ့လား . . . (ပါ,ပါတယ်ဘုရား)။

ရှင်သာရိပုတ္တရာရဲ့ညီကလေးကို ထုတ်ပြဦးမယ် ခင်ဗျားတို့ သဘောပါအောင် . . . (မှန်ပါ)။ ရှင်သာရိပုတ္တရာတို့မှာ အားလုံးညီအစ်ကို မောင်နှစ်မခုနှစ်ယောက်ရှိတယ်။ ဘုရားတရားတော်တွေကို နာရတာနဲ့ အားလုံးလိုလိုဘဲ နှစ်မတွေက ဘိက္ခုနီမဖြစ်၊ ညီတွေက ရဟန္တာတွေဖြစ်နဲ့ဆိုတော့ သာသနာတွင်းရောက်ကြတယ်။ သူတို့အမေကလဲ သာရီပုဏ္ဏေးမကြီးဆိုတာက ထိုအချိန်က တိတ္ထိအယူဝါဒ၊ ဗြဟ္မာကို ကိုးကွယ်တယ်။ သားသမီးတွေကသာ ရဟန္တာ ရဟန္တာမတွေဖြစ်ကုန်တာ ကိုစောမောင် . . . (မှန်ပါ)။

## ရှင်ရေဝတ

ဒါနဲ့သားအငယ်ဆုံးကလေး ရေဝတဆိုတဲ့ သူငယ်ကလေးကျန်တယ်။ ဒီသူငယ်ကလေးတော့ ဂေါတမဘုရားသာသနာနောက်ကို အလိုက်မခံနိုင်ဘူးတဲ့၊ အဘွားကြီးက

သူဌေးလဲ သူဌေးနော် . . . (မှန်ပါ)။ မဖြစ်ဘူး၊ အရွယ်ရောက်လာရင်လဲ သူလဲ လိုက်ပြေးလိမ့်မယ်၊ ဂေါတမဘုရားနောက်ကို သူ့အစ်ကိုတွေလဲ သွားကုန်ပြီ။ သူ့အစ်မတွေလဲ သွားကုန်ပြီ ဒီတော့ မဖြစ်သေးဘူး။ ငယ်ငယ်က အိမ်ထောင်ချထားမှဘဲ။ ဒါမှချည်တုပ်ပြီးသားဖြစ်တယ်တဲ့။ အမေ့ထုံးစံနဲ့ တွေးတာကိုးဗျ . . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါပြီ)။

## အို့အောင်မင်းအောင်ပေါင်းကြပါစေ

အဲဒီကဲ့သို့ သူသည် စိတ်ကူးပြီးသူဌေးဆီကို သွားစပ်တယ်။ သူတို့က သူဌေးဖြစ်နေတော့ ဟိုကလဲ သဘောတူလိုက်တာပေါ့ ကိုစောမောင် . . . (မှန်ပါ)။ ဒါနဲ့ သူ့သားကလေး ရွှေဝေါကြီးနဲ့ ထမ်းပြီးသကာလ၊ သူ့အစေအပါးပရိတ်သတ်တွေနဲ့ သတို့သမီးရှိရာ သွားကြတော့၊ ဟိုကလဲ သူဌေးဆိုတော့ ကောင်းကောင်းမွန်မွန် ဧည့်ခံပြီး မင်္ဂလာအခမ်းအနားစကြတာဘဲ။ မင်္ဂလာအခမ်းအနားစကြတော့ အဘွားကြီး အဘွားကြီးနှစ်ယောက် မိစုံဖစုံကလာပြီး လက်ထပ်ပေးတယ်။ သတို့သားနဲ့သတို့သမီး လက်ကို ရွှေဖလားထဲထည့်ပြီး လက်စုံချ၍ လက်ထပ်ပေးတယ်။ လက်ထပ်ပြီးတော့ အဘွားကြီးနှစ်ယောက်က ဆုပေးတယ်

ကိုစောမောင်၊ မင်းတို့လင်မယားသည် အိုအောင်မင်းအောင် ပေါင်းကြစေသားတဲ့။ ထင်းပုံ ခေါင်းချပေါင်းကြစေသား စသည့် အဓိပ္ပာယ်မျိုးဆုပေးလိုက်တယ် . . . (မှန်ပါ)။

ဒီလို ဆုမျိုးပေးလိုက်တော့ ခုနင်က ရေဝတ သတို့သားက သတိရတယ်၊ နေစမ်းပါဦး ခင်ဗျားတို့ပေးတဲ့ဆု ကျုပ်မရှင်းပါဘူးဖြစ်နေတယ် . . . (မှန်ပါ)။

ခင်ဗျားတို့ ပေးတဲ့ဆု ကျုပ်မရှင်းဘူးတဲ့၊ အဲဒါကြောင့် ပြောကြစမ်းပါဦးဆိုတော့၊ ဘေးကနှုတ်ကောင်းတဲ့ လူတစ်ယောက်က မင်းဒီဆုဟာ အင်မတန်ကောင်းတဲ့ဆု၊ မင်းနားမလည်ဘူးလားတဲ့။ မင်းတို့အကြင်လင်မယားသည် ငယ်ငယ်ရွယ်ရွယ်ကမသေဘဲနဲ့ အိုအောင်မင်းအောင် ပေါင်းကြစေသားတဲ့။

## ကျုပ်တို့အိုရဦးမှာလား

ဩော် . . . ဒီလိုလား။ ကျုပ်တို့လမ်းက အိုရဦးမှာလားတဲ့၊ ရေဝတကမေးတယ် ကိုစောမောင် . . . (မှန်ပါ)။ ဒီလိုအိုရဦးမှာလားလို့ မေးလိုက်တော့ အိုရမယ်ကွတဲ့။ ပြောတဲ့ ပုဂ္ဂိုလ်က မသိဘူး၊ အိုရတယ်ဆိုတာ ဒုက္ခကြီးပါလားလို့ သတို့သားကတော့ သဘောပေါက်နှင့်ပြီ . . . (မှန်ပါ)။

ငယ်ငယ်ရွယ်ရွယ်သတို့သား သဘောပေါက်သိနေပြီ နော်။ ကိုပေါ်ခင်ဗျားတို့ သိခဲ့ကြရဲ့လား . . . (မသိခဲ့ပါဘူး ဘုရား)။ မသိခဲ့ဘူး။ အ,လိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။ အတော့ကို ဆိုးဝါးနေကြတယ်နော် ဒကာဒကာမတို့၊ ဒီအထဲမှာ တစ်ယောက်မှသိခဲ့တဲ့လူလဲပါမှာမဟုတ်ပါဘူး။ ပါသေးရဲ့လား . . . (မပါ, ပါဘူး)။

## ဒါဟာသေလမ်းပါကလား

ဒါနဲ့ဒကာဒကာမတို့ . . . နောက်ဆုက ထင်းပုံခေါင်းချဆိုတဲ့ အဓိပ္ပာယ်ပြောပါအုံးမယ်။ မင်းတို့ သေတောင်မှ သေရမှာ၊ ထင်းပုံခေါင်းချပြီး သကာလ အဲဒီမှာ မီးရှို့ခံရမှာ ဩော် ဒါဟာသေလမ်းပါကလားလို့ သတို့သားကရိပ်မိတယ်။ သဘောကျပြီလား . . . (ကျပါပြီ)။

## ဝမ်းထဲကကျိတ်ပြီးကြံစည်တယ်

အိုလမ်းလဲဒုက္ခသစ္စာပဲ၊ သေလမ်းလဲ . . . (ဒုက္ခသစ္စာပါပဲ)။ ဒီတော့ သူကဝမ်းထဲက ကျိတ်ပြီးကြံစည်တယ်။ အင်း . . . ဒီလမ်းဟာ အတော်ဆိုးဝါးတဲ့လမ်း၊ ဒီလမ်းမှ တစ်ပါးမရှိတော့ဘူးလား၊ ဒီလမ်းမှလွတ်အောင်တော့ ပြေးမှဘဲဆို

တာ မင်္ဂလာအခမ်းအနား ရွှေဖလားထဲ လက်ချကတည်းက သိတယ် . . . (မှန်ပါ)။ ကိုစံလှ ဘယ်လောက်ပါးနပ်တဲ့ သူငယ်လဲ . . . (ပါး, ပါတယ်ဘုရား)။ သူ့မှာ ငယ်ငယ်ကလေး ရှိသေးတယ်၊ ကိုစံလှတို့ ဘယ်နှစ်နှစ်ရှိပြီလဲ၊ မေးရင် မပြောပါနဲ့တော့ဘုရား ဆိုတဲ့အထဲက ကျနေတယ်။ ရိပ်မိကြပြီလား . . . (ရိပ်မိပါပြီ)။ ရိပ်မိလဲ ခင်ဗျားတို့ကတော့ ရေဝတလို ပြေးမယ်လူတွေတော့ မဟုတ်ပါဘူး . . . (မှန်ပါ)။

အဲဒါနဲ့ဘဲ မင်္ဂလာအခမ်းအနားပြီးတော့ ဒီကလေးမ ကလေးရော ကလေးကလေးရော ပရိသတ်တွေပြန်လာကြတယ်။ ရေဝတကတော့ ဝမ်းထဲက ထွက်ပြေးမယ့်အကြံနဲ့ လိုက်လာတာပေါ့လေ . . . (မှန်ပါ)။

လမ်းကျတော့ သတို့သားက ကျုပ် ကျင်ငယ် စွန့်ချင်တယ် ကျင်ကြီးစွန့်ချင်တယ်နဲ့ ပြောပြီးသကာလ ဆင်းဆင်းသွားတယ်။ ယာဉ်ပေါ်က ဟိုက စောင့်စောင့်နေကြတာပေါ့။

## သက်န်းဝတ်ပေးလိုက်ကြပါလို့မှာထားတယ်

ရှင်သာရိပုတ္တရာက အစောကြီးကဘဲ ဒီအကြောင်းအရာတွေကို အဘိညာဉ်နဲ့ ကြည့်ရှုဆင်ခြင်ထားတော့ သိနေတယ် ကိုစောမောင် . . . (မှန်ပါ)။ ရေဝတဆိုတဲ့ သူငယ်တစ်ယောက် ဖီးလိမ်းပြုပြင်စီရင်ပြီး သကာလ လာငြားသော်

လည်း၊ ဟိုဒီမှာ ရှိတဲ့ကျောင်းတွေက လက်မခံ မရှိကြနဲ့၊ သင်္ကန်းဝတ်ပေးလိုက်ကြပါတဲ့၊ ရှင်သာရိပုတ္တရာက အစော ကြီးကတည်းက မှာထားတယ် . . . (မှန်ပါ)။

ဒါနဲ့ ရေဝတက ဟိုနားကျပြန်တော့ ကျုပ်ဝမ်းမကောင်းဘူးဗျ၊ ဆင်းချင်သေးတယ်ဆိုပြီး ဆင်းသွားပြီး တပိုတပါးသွားချင်ဟန်ပြု၍ ပြန်လာတယ်။ ဒီလိုနဲ့ သုံးကြိမ်လောက်ရှိတဲ့အခါကျတော့ နီးရာကျောင်းကို ပြေးတော့တာဘဲ။ ဘယက်တန်ဆာ သနပ်ခါးတွေနဲ့ပြေးတာဘဲ ကိုစောမောင် မင်္ဂလာဆောင်ရာမှ ပြန်လာတာကိုးဗျ . . . (မှန်ပါ)။

## အိုလမ်းသေလမ်းမှ ကယ်တော်မူပါ

ဒါနဲ့ပြေးတော့ ကျောင်းရောက်သွားရော၊ နောက်တစ်ခါတော့ မပြန်တော့ဘူးဆိုကြပါစို့ဗျာ . . . (မှန်ပါ)။ ကျောင်းရောက်တော့ အရှင်ဘုရားတို့ . . . တပည့်တော်ကို သင်္ကန်းဝတ်ပေးပါဘုရား။ အိုလမ်း သေလမ်းချည်း အခုရောက်နေတော့ အိုလမ်းသေလမ်းမှ ကယ်တော်မူပါ အဓိပ္ပာယ်ပေါ့ . . . (မှန်ပါ)။ ဘယ်လောက်ပါးနပ်တဲ့ သူငယ်လဲဆိုတာ ရိပ်မိကြပြီလား . . . (ရိပ်မိပါပြီ)။

အသက်ငယ်ငယ်ကလေးရှိသေးတယ်၊ ငယ်ငယ်ကလေးနဲ့ သစ္စာသဘောကို သိနေတာ၊ မဂ်နဲ့ သိတာ မဟုတ်ဘူး

နော် . . . (မှန်ပါ)။ လောကုတ္တရာမဂ်ကို မရောက်သေးဘူး . . . (မှန်ပါ)။

## သက်န်းဝတ်ပေးလိုက်တယ်

အဲဒီမှာ ကျောင်းက ရဟန်းတော်တွေက သင်္ကန်းဝတ်ပြီးသကာလ ပေးလိုက်ပြီးတရားဓမ္မတွေကျင့်ရန်နည်းလမ်းပေးလိုက်တယ် . . . (မှန်ပါ)။ ရှင်သာရိပုတ္တရာကလဲ မှာထားတာကိုး။ သူ့အမေဟာ မိစ္ဆာဒိဋ္ဌိ။ ဒီတော့ ဘယ်မှာ မိဘက ခွင့်ပြုပ့ါမလဲ။ ငါဟာအစ်ကိုအကြီးဆုံး။ မိဘအရာ၌ လည်းကောင်း၊ ငါခွင့်ပြုရင်ပြီးတာပဲဆိုပြီး ရဟန်းတွေမှာထားတယ် . . . (မှန်ပါ)။ မိဘက မိစ္ဆာဒိဋ္ဌိဖြစ်နေတော့ အခွင့်ပန်နေပေမယ့် ခွင့်ပြုမှာ မဟုတ်ဘဲကိုး . . . (မှန်ပါ)။ ဒါနဲ့ တရားအားထုတ်ရာ အသက်ငယ်ငယ်နဲ့ပဲ ရဟန္တာဖြစ်တာဘဲ . . . (မှန်ပါ)။ သစ္စာသိသွားပြီ . . . (မှန်ပါ)။ ဘယ်တုန်းက သစ္စာစပြီး သိသတုံးဆိုတော့ လက်ထပ်မင်္ဂလာပြုစဉ် ရွှေဖလားထဲ လက်စုံချတုန်းက စပြီးနားလည်သဘောပေါက်ခဲ့တယ် . . . (မှန်ပါ)။

ဘယ်တုန်းကစပြီး သဘောပေါက်ခဲ့သလဲ . . . (ရွှေဖလားထဲ လက်စုံချတုန်းက သိခဲ့ပါတယ်)။ ခင်ဗျားတို့ဖြင့် လက်စုံချပြီးတာကြာလှပြီ၊ ယခုထက်ထိ မသိနိုင်ကြသေးဘူး (မှန်ပါ)။

ဒကာဒကာမတို့ ကိုယ့်အရုပ်ဆိုးတာ ပေါ်ကြပြီလား (ပေါ်ပါပြီ)။ ဘယ်လောက်ထိအောင် ဆိုးနေသတုံး . . . (ဆိုးပါတယ်ဘုရား)။ အခုလဲ ပြင်ကြပြီလားလို့ မေးရင် ဘယ့်နှယ်တုံး . . . (မပြင်ကြသေးပါဘူးဘုရား)။ မပြင်ရင် ရှေ့ကို ဒီထက်ဆိုးဦးမှာလားလို့ မေးဖို့ဘဲရှိတော့တယ် . . . (မှန်ပါ)။ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် သစ္စာမသိလို့ရှိရင် ကိုစောမောင် အလွန်ဆိုး ဆိုတာပေါ်ပြီလား . . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် သစ္စာသိတော့ ငယ်ငယ်ကသိတယ်၊ ဘုရားကိုယ်တိုင်ကလဲ ထူးခြားတဲ့ ပုဂ္ဂိုလ်ဘဲဆိုပြီး ရှင်ရေဝတသီတင်းသုံးတဲ့ တောထဲကို ကိုစောမောင် နောက်ပါသံဃာတွေနဲ့ ကြွသွားပြီးချီးမြှောက်တယ် . . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

## သစ္စာသိမှ ကိစ္စပြီးမယ်

ကဲ . . . ဒါဖြင့် ဒကာဒကာမတို့ . . . သစ္စာသိမှ ကိစ္စပြီးမယ်ဆိုတာပေါ်ကြပြီလား . . . (ပေါ်ပါပြီဘုရား)။ ဒါဖြင့် သစ္စာအလုပ်ကော လုပ်တတ်ပါပြီလား . . . (လုပ်တတ်ပါပြီဘုရား)။

လိပ်ခွံကြီးသည်ကားလို့ ဆိုလို့ရှိရင် လိပ်၏ အင်္ဂါ ငါးပါးလိပ်၏ အင်္ဂါတွေကို ကာကွယ်ရေး . . . (မှန်ပါ)။ ဒါဖြင့် လိပ်ခွံတစ်ခုက ဘယ်လောက်ထိအောင် အသေလွတ်အောင် ကာကွယ်နိုင်တယ်ဆိုတာ . . . (ပေါ်ပါပြီ)။

## ဘယ်စိတ်လာလာဖြစ်ပျက်သာရှု

ဒီမှာလဲ စိတ္တာနုပဿနာဆိုတဲ့ လိပ်ခွံကြီးအောက်ကို သာ အကုန်သွင်းတော့ . . . (မှန်ပါ)။ ဘယ်စိတ်လာလာ ဖြစ်ပျက်ရှု၊ စိတ္တာနုပဿနာဖြစ်သွားတာဘဲ . . . (မှန်ပါ)။ ဘယ်စိတ်လာလာဖြစ်ပျက်ရှုလိုက်လို့ရှိရင်ဖြင့်၊ ကိလေသာ တည်းဟူသော တောခွေးသည်၊ ဒကာဒကာမတို့ ဘယ်အ ပေါက်ကနေပြီး ဆွဲနိုင်ဦးမလဲ . . . (မဆွဲနိုင်ပါဘူး)။ မဆွဲ နိုင်တော့ ခုနင်က လိပ်အန္တရာယ်ကင်းသလို ခင်ဗျားတို့ ကျုပ် တို့မှာလဲ အသေလွတ်သွားနိုင်တယ်။ ရှင်းပြီလား . . . (ရှင်း ပါပြီ)။

ဒါဖြင့် ဒီနည်းဟာ ဒကာဒကာမတို့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး သံယုတ်ပါဠိတော်မှာ ဟောတော်မူခဲ့တဲ့ နည်း။ အင်မတန် မကောင်းဘူးလား . . . (ကောင်းပါတယ် ဘုရား)။

ဒါဖြင့် ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ် လိပ်လိုနေရမယ်တဲ့ (မှန်ပါ)။ အခွံအောက်ချည်း အကုန်သွင်းရမယ် . . . (မှန်ပါ) ဘယ်စိတ်လာလာဖြစ်ပျက်ရှုလိုက်တော့ ဒီလိပ်ခွံကြီးအောက် ရောက်ရောက်သွားတယ်။ စိတ္တာနုပဿနာထဲချည်း ရောက် မသွားဘူးလား . . . (ရောက်သွားပါတယ်ဘုရား)။ အဲဒါ ကြောင့် ဒကာဒကာမတို့ အလုံးစုံအကုန် ဘယ်စိတ်လာလာ ရှုတတ်ကြပြီလား . . . (ရှုတတ်ပါပြီဘုရား)။

## ဖြစ်ပျက်ကဒုက္ခသစ္စာ

ရှုလိုက်လို့ရှိရင် ဖြစ်ပျက်က ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါ)။ ရှုတဲ့ ဉာဏ်က . . . (မဂ္ဂသစ္စာပါ)။ ခုနင်က ဘယ်အပေါက်ကလာလာ တဏှာ ဥပါဒါန်တို့က တောခွေး နဲ့တူတဲ့ တဏှာ ဥပါဒါန်တည်းဟူသော မာရ်နတ်တွေက လာ ခွင့်ရသေးရဲ့လား . . . စောင့်ကျိုးနပ်သေးရဲ့လား . . . (မနပ် ပါဘူး)။ စောင့်ရကျိုးမနပ်တော့ဘူးဆိုတော့ သူမှမရှိဘဲနဲ့ သူသတ်သမားမရှိသောကြောင့် သေစရာအထည်ကောကျုပ် တို့မှာ ဖြစ်သေးရဲ့လား . . . (မဖြစ်တော့ပါဘူး)။ မဖြစ်တော့ ကို သူသတ်သမားသည် မောပြန်ရမယ်။ သဘောကျပြီလား . . . (ကျပါပြီ)။

## ရှုဉာဏ်က မဂ္ဂသစ္စာ

ဒါဖြင့် ဖြစ်ပျက်သည် ဘာသစ္စာ . . . (ဒုက္ခသစ္စာပါ)။ ရှုတာသည် . . . (မဂ္ဂသစ္စာ)။ သေတာသည် ကိလေသာ မာရ်နတ် . . . (မှန်ပါ)။ ဒါဖြင့် စောင့်နေရင် စောင့်ကျိုးနပ် သေးရဲ့လား . . . (မနပ်ပါဘူး)။ နို့မဟုတ် လို့ရှိရင်ဖြင့် ခုနင်က ပြောခဲ့တဲ့အတိုင်း ရှာတည်ရင် ဘာထည့်ပြီး စဉ်းစားရသတုံး (သုသာန်ထည့်စဉ်းစားရပါတယ်)။ ဆရာဝန်တို့၊ မြန်မာဆရာကောင်းတို့ကော . . . (ထည့်စဉ်းစားရပါတယ်)။ ဥတုရာသီကို . . . (စဉ်းစားရပါတယ်)။ သေတတ်တာကြီးပါနေလို့ ဒါလောက်စဉ်းစားရတာ . . . (မှန်ပါ)။ သဘောပါကြပြီလား . . . (ပါ့,ပါပြီ)။

ဒါဖြင့် ဒီသေတတ်တဲ့ ခန္ဓာကြီးသည်ပင် ဖြစ်သေးရဲ့လား . . . (မဖြစ်တော့ပါဘူး)။ ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

## သေတာက သမုဒယသစ္စာ

ဒါဖြင့် ဖြစ်ပျက်က ဘာသစ္စာ . . . (ဒုက္ခသစ္စာပါ)။ အဲဒါအခွံကြီး မှတ်ပါ။ ဒီအခွံကြီးသာ ဖြစ်အောင်လုပ်နေ၊ ဒီအခွံကြီးထဲသာသွင်းနေ။ ရှုတာက . . . (မဂ္ဂသစ္စာ)။ သေတာက . . . (သမုဒယသစ္စာပါ)။ သမုဒယသစ္စာဆိုတာ

ခုနင်က မြေခွေးနဲ့တူတဲ့ သမုဒယသစ္စာဟာ ဒကာဒကာမတို့ စားလို့မရတော့ဘူး . . . (မှန်ပါ)။ ကိလေသာ မာရ်နတ် လူသတ် သမားမနေ့က ပြောခဲ့တဲ့ နွားရိုးတွေမြင်သဖြင့် သူ့လက်ချက်ဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်)။ အဲ . . . သူ့ကို ဘဲရှိပါသေးရဲ့လား . . . (မရှိပါဘူး)။ အဲ လူသတ်သမား ကိုဘဲကျုပ်တို့က အနိုင်ယူပါပြီ . . . (မှန်ပါ)။ ဒါကြောင့် မစ္စု မာရ်ကို အောင်တယ်ဆိုတာကော သဘောကျပြီလား . . . (ကျပါပြီ)။

## မစ္စုမာရ်ဆိုတာ

မစ္စုမာရ်ဆိုတာ ငါသည် မင်းလက်တွင်းမှာ ခေါင်းစင်းခံရမယ်လို့ ဘုရားကပြောတာ . . . (မှန်ပါ)။ နောက်ကို ငါ့ကို သတ်ရလိမ့်မယ်လို့ မအောင့်မေ့နဲ့တော့တဲ့။ ဒါကြောင့် ပရိနိဗ္ဗာန်ပြုပြီးမှ မာရ်ငါးပါးစလုံး ရှင်းရှင်းအောင်တာ . . . (မှန်ပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီ)။ ပရိနိဗ္ဗာန်မစံခင်က တော့ ကိလေသာမာရ်၊ အဘိသင်္ခါရမာရ်၊ ဒေဝပုတ္တမာရ်တွေ အောင်တယ်ဆိုပါတော့ . . . (မှန်ပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီ)။

## မာရ်ငါးပါးအောင်တယ်ဆိုတာ

ဒါကြောင့် မာရ်ငါးပါးအောင်တယ်ဆိုတာ ဘုရားသည်ပရိနိဗ္ဗာန်မစံမီ သုံးပါး၊ ပရိနိဗ္ဗာန်စံပြီးမှ ငါးပါးစလုံးမုချပြည့်တယ် လို့မှတ်လိုက်ကြပါ . . . (မှန်ပါ)။ ရှင်းပြီလား (ရှင်းပါပြီ)။

ခင်ဗျားတို့လဲ ခန္ဓမာရ်ကို အောင်ချင်လို့ရှိရင်၊ မသေချင်လို့ရှိရင် ဥစ္စနဲ့တူတဲ့ စိတ္တာနုပဿနာထဲ လာသမျှစိတ်ကို သွင်းပါ . . . (မှန်ပါ)။ အောင်မြင်သွားခဲ့လျှင် ဘယ်လိုစောင့်နေနေသတ်ချင်တဲ့လူက . . . (မသတ်နိုင်ပါဘူး)။ ဒါဖြင့် အလုပ်ကော လုပ်တတ်ပြီလား . . . (လုပ်တတ်ပါပြီ)။ ရှင်းပြီနော် . . . (ရှင်းပါပြီ)။

တဲ . . . ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု။